မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၁ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် ( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နိုင်ငံခြားကုမ္ပဏီများ၊ တိုင်းရင်းသားကုမ္ပဏီများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက ဆောင်ရွက်နေသည့် Cutting, Making, Packaging (CMP) လက်ခစား လုပ်ငန်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရေးအတွက် စစ်ဆေးဆောင်ရွက် နိုင်ရန် **"CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(စျ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဌ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

(ဍ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

(ဎ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
စက်မှုဝန်ကြီးဌာန

၂။ CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) CMP စနစ်ဖြင့်လုပ်ငန်းဆောင်ရွက်လိုကြောင်းလျှောက်ထားလာမှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် သဘောထားမှတ်ချက်နှင့်တကွ စိစစ်ဆောင်ရွက်ပေးခြင်း။

(ခ) CMP စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမိန့်ရရှိသည့် လုပ်ငန်းများအား အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်မှု ရှိ-မရှိ စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်း -

(၁) တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ-မရှိ၊

(၂) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောအမိန့်ကြော်ငြာစာများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိ၊

(၃) သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ အခွန်ပေးဆောင်ခြင်း ရှိ-မရှိ၊

(၄) ရရှိသောလုပ်ခများကို ဘဏ်သို့ မှန်ကန်စွာ ပေးသွင်းခြင်း ရှိ-မရှိ၊

(၅) အလုပ်သမားများအတွက် ရသင့်ရထိုက်သော လုပ်ခခံစားခွင့်များ အပြည့်အဝထုတ်ပေးခြင်း ရှိ-မရှိ၊

(၆) စာရင်းဇယားများ စနစ်တကျထားရှိခြင်း ရှိ-မရှိ။

၃။ CMP လုပ်ငန်းများအား စနစ်တကျထိရောက်စွာ ကြီးကြပ်သွားနိုင်ရန်အတွက် လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၄။ CMP စနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများအား ထိရောက်စွာ ကြီးကြပ်နိုင်ရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုမ္ပဏီများအား အစည်းအဝေးခေါ်ယူ တွေ့ဆုံဆွေးနွေးခြင်း၊ လိုအပ်သော စာရင်းဇယားများရယူခြင်း၊ CMP လုပ်ငန်းရှင်များအား တွေ့ဆုံမေးမြန်း နိုင်သည်။

၅။ "မူ" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စများပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက် ရန် ဖြစ်ပါသည်။

(ပုံ) ထင်ကျော်<br>နိုင်ငံတော်သမ္မတ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၇ ရက် )

### မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာ့အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ၊ တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေများသတ်မှတ်၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် **"မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စျ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ပ) | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဗ) | ဒေါက်တာတိုးလှ<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာသမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ (သို့မဟုတ်) ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို) | အဖွဲ့ဝင် |
| (မ) | ဥက္ကဋ္ဌ (သို့မဟုတ်) ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး (ဗဟို) | အဖွဲ့ဝင် |
| (ယ) | ဥက္ကဋ္ဌ (သို့မဟုတ်) ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (ရ) | ဥက္ကဋ္ဌ (သို့မဟုတ်) ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံဂီတပညာရှင်များအစည်းအရုံး (ဗဟို) | အဖွဲ့ဝင် |
| (လ) | ဥက္ကဋ္ဌ (သို့မဟုတ်) ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း | အဖွဲ့ဝင် |
| (ဝ) | ဥက္ကဋ္ဌ (သို့မဟုတ်) ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| (သ) | ကိုယ်စားလှယ်တစ်ဦး<br>ရှေးဟောင်းသုတေသနပညာဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဟ) | ကိုယ်စားလှယ်တစ်ဦး<br>မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဠ) | ကိုယ်စားလှယ်တစ်ဦး<br>သမိုင်းဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (အ) | ဥက္ကဋ္ဌ (သို့မဟုတ်) ကိုယ်စားလှယ်တစ်ဦး<br>Bagan Heritage Trust | အဖွဲ့ဝင် |
| (ကက) | ဥက္ကဋ္ဌ (သို့မဟုတ်) ကိုယ်စားလှယ်တစ်ဦး<br>ပျူ Heritage Trust | အဖွဲ့ဝင် |
| (ကခ) | ဥက္ကဋ္ဌ (သို့မဟုတ်) ကိုယ်စားလှယ်တစ်ဦး<br>Yangon Heritage Trust | အဖွဲ့ဝင် |
| (ကဂ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ကဃ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်။

(ခ) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းတွင် နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒချမှတ်ပေးရန်။

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေ၊ နည်းဥပဒေများရေးဆွဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းပြုနိုင်ရေးအတွက် လိုအပ်သလို တင်ပြဆောင်ရွက်ရန်။

(ဃ) မြန်မာနိုင်ငံ၏ ရှေးဟောင်းဒေသများအနက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအဖြစ်သတ်မှတ်သင့်သည့်ဒေသများနှင့် နယ်မြေအပိုင်းအခြားကို သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(င) နိုင်ငံတော်အစိုးရက ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်သင့်သည်ဟုယူဆသော ရှေးဟောင်းနေရာ၊ ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းပစ္စည်းများကို ဖော်ထုတ်စာရင်းပြုစုရန်အတွက် လမ်းညွှန်စာရင်းပြုစုရန်။

(စ) ယဉ်ကျေးမှုဒေသတွင်း၌ဖြစ်စေ၊ ဒေသတစ်ဆက်တစ်စပ်တည်း မြင်ကွင်းတစ်ခုတည်းဖြစ်၍ အကာအကွယ်ပေးရန်လိုအပ်သော ဆက်စပ်နယ်မြေ၌ဖြစ်စေ နေထိုင်ရန် လူနေအိမ်ခြေတိုက်တာ အဆောက်အအုံများ၊ လူသွားလမ်း၊ ယာဉ်သွားလမ်းများ၊ အသက်မွေးမှုအတွက် လယ်ယာများ၊ အခြားစီးပွားရေးလုပ်ငန်းများ အစရှိသည်တို့အတွက် ဆောင်ရွက်ခွင့်နှင့် မြေအသုံးချခွင့်ကို ထိန်းသိမ်းကန့်သတ်ပေးရန်။

(ဆ) နိုင်ငံတော်၏ ယဉ်ကျေးမှုမူဝါဒဖြစ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ကို ဆောင်ရွက်ရန်အတွက် မူဝါဒများချမှတ်ပေးရန်။

(ဇ) လူငယ်ထုအတွင်း မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို စိတ်ဝင်စားတန်ဖိုးထားလေးစားစေရေးအတွက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အခြေခံမပျက်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်။

(ဈ) မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး၊ ဇာတ်သဘင်၊ ပြဇာတ်၊ ယိမ်း၊ အငြိမ့်၊ ဇာတ်တော်ကြီးများ၊ တိုင်းရင်းသားရိုးရာအက၊ ဂီတများဖြင့် ပန်းဆယ်မျိုးအတတ်ပညာများ စသည်တို့ကို စဉ်ဆက်မပြတ် လေ့လာ၊ ဖော်ထုတ်၊ ထိန်းသိမ်း၊ ပြန့်ပွားစေရေး ဆောင်ရွက်ရန်။

(ည) မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအနုပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပိုမိုမြင့်မားလာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်။

(ဋ) တိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ယဉ်ကျေးမှုဓလေ့ထုံးစံများကို ရှာဖွေဖော်ထုတ်စာရင်းပြုစုရန်။

(ဌ) သက်ဆိုင်ရာဌာနက စာရင်းကောက်ယူထားပြီး တင်ပြလာသော ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းများအား ကမ္ဘာ့အမွေအနှစ်အဆင့်၊ အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် သတ်မှတ်ပေးရန်။

(ဍ) မြန်မာနိုင်ငံရှိ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များအား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းရေးအတည်ပြုပေးရန်။

(ဎ) အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသည့် ဥပဒေရေးဆွဲသတ်မှတ်နိုင်ရေးအတွက် မူဝါဒများ ချမှတ်ပေးရန်။

(ဏ) အမျိုးသားပြတိုက်နှင့် ပြတိုက်များတည်ထောင်ဖွင့်လှစ်ခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲသတ်မှတ်နိုင်ရေးအတွက် မူဝါဒများချမှတ်ပေးရန်။

(တ) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြတိုက်များတွင် ပြသထားသော ပြသပစ္စည်းများစုဆောင်းထားရှိမှု၊ ခင်းကျင်းပြသပုံစံစနစ်၊ ပြတိုက်တည်ရှိရာ ဒေသခံပြည်သူများအပေါ် ပြတိုက်ပညာပေးရေးဆောင်ရွက်နိုင်မှု၊ အဆောက်အဦပိုင်းဆိုင်ရာ ကောင်းမွန်မှုတို့အပေါ် အခြေခံကာ ပြတိုက်များကို အဆင့်သတ်မှတ်ပေးရန်။

(ထ) သမိုင်းဝင်နေရာများ၊ အထိမ်းအမှတ်ရုပ်တု၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ရှေးဟောင်းသုတေသန ဆိုင်ရာ အထိမ်းအမှတ်ဥယျာဉ်များ ဖော်ထုတ်တိုးချဲ့ သတ်မှတ်ဆောင်ရွက်ရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက် )

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဖွဲ့စည်းခြင်း**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်ဦးဆောင်သည့် **"ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (Union Peace Dialogue Joint Committee -UPDJC) "** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်အစုအဖွဲ့**

(က) ဦးကျော်တင့်ဆွေ — ဒုတိယဥက္ကဋ္ဌ (၁)
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(ခ) ဒေါက်တာတင်မျိုးဝင်း — ဒုတိယဥက္ကဋ္ဌ (၂)
ဥက္ကဋ္ဌ
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံအကြိုပြင်ဆင်ရေးကော်မတီ

(ဂ) ဦးသန့်စင်မောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဦးသိန်းဆွေ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(င) ဒေါက်တာဝင်းမြတ်အေး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(စ) နိုင်သက်လွင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဆ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဇ) ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း — အဖွဲ့ဝင်
လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်

(ဈ) ဦးခွန်မောင်သောင်း (ပင်လောင်းမဲဆန္ဒနယ်) — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့်
ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ
ပြည်သူ့လွှတ်တော်

(ည) ဒေါ်ရှီလာနန်တောင်(ခေါ်)ဒေါ်အမ်နန်တောင် — အဖွဲ့ဝင်
မဲဆန္ဒနယ်အမှတ် (၂) ကချင်ပြည်နယ်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ
အမျိုးသားလွှတ်တော်

(ဋ) ဗိုလ်ချုပ်မြင့်နွယ် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

(ဌ) ဗိုလ်ချုပ်စိုးနိုင်ဦး — အဖွဲ့ဝင်
ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်

(ဍ) ဗိုလ်မှူးချုပ်စိန်ထွန်းလှ — အဖွဲ့ဝင်
အရာရှိရွေးချယ်ရေးအဖွဲ့မှူး၊ တပ်မတော်ဗိုလ်ရွေးအဖွဲ့

(ဎ) ဦးခင်ဇော်ဦး — အဖွဲ့ဝင်
ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)

(ဏ) ဦးလှမောင်ရွှေ — အတွင်းရေးမှူး
အထူးအကြံပေး၊
မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန

## (၂) တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့

(က) ပဒိုစောကွယ်ထူးဝင်း — ဒုတိယဥက္ကဋ္ဌ
အထွေထွေအတွင်းရေးမှူး
ကရင်အမျိုးသားအစည်းအရုံး (KNU)

(ခ) စောကျော်ညွန့် — အဖွဲ့ဝင်
တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)
ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား
လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)
(KNU/KNLA PC)

(ဂ) စောစမစ်ဒွန်း — အဖွဲ့ဝင်
ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)

(ဃ) ခွန်မြင့်ထွန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)

(င) စောမြရာဇာလင်း — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

| | | |
|---|---|---|
| (စ) | ဦးဘောင်ခေး<br>ဒုတိယစစ်ဦးစီးချုပ်<br>သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) | အဖွဲ့ဝင် |
| (ဆ) | ပဒိုမန်းငြိမ်းမောင်<br>ကရင်အမျိုးသားအစည်းအရုံး (KNU) | အဖွဲ့ဝင် |
| (ဇ) | စောကူးကူ<br>ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား<br>လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)<br>(KNU/KNLA PC) | အဖွဲ့ဝင် |
| (ဈ) | ဆလိုင်းထလာဟေး<br>ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်<br>ချင်းအမျိုးသားတပ်ဦး (CNF) | အဖွဲ့ဝင် |
| (ည) | စောစိန်ဝင်း<br>စစ်ဦးစီးမှူးဒုတိယတန်း<br>ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) | အဖွဲ့ဝင် |
| (ဋ) | ခွန်ထွန်းတင်<br>ဗဟိုကော်မတီဝင်<br>ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) | အဖွဲ့ဝင် |
| (ဌ) | မိဆူးပွင့်<br>ဗဟိုဦးဆောင်ကော်မတီဝင်<br>မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ<br>ဒီမိုကရက်တစ်တပ်ဦး (ABSDF) | အဖွဲ့ဝင် |
| (ဍ) | ဦးခိုင်လင်းခိုင်<br>ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) | အဖွဲ့ဝင် |
| (ဎ) | ဦးမျိုးဝင်း<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ<br>ဒီမိုကရက်တစ်တပ်ဦး (ABSDF) | အတွင်းရေးမှူး |
| (ဏ) | ဦးစိုင်းလ<br>သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) | အတွင်းရေးမှူး |
| (တ) | ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း<br>အဓိပတိကောင်စီဝင်၊ ချင်းအမျိုးသားတပ်ဦး (CNF) | အတွင်းရေးမှူး |

## (၃) နိုင်ငံရေးပါတီများအစုအဖွဲ့

| | | |
|---|---|---|
| (က) | ဦးသုဝေ<br>ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ဒုတိယဥက္ကဋ္ဌ |
| (ခ) | ဦးထွန်းထွန်းဟိန်<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဂ) | ဦးနိုင်ငံလင်း<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃ) | ဦးမြင့်စိုး<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (င) | ဒေါက်တာမောင်မောင်ဌေး<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (စ) | ဒေါက်တာအေးမောင်<br>ရခိုင်အမျိုးသားပါတီ | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာမင်းနွယ်စိုး<br>မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (ဇ) | ဦးစောထွန်းအောင်မြင့်<br>ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (ဈ) | ဦးသိန်းထွန်း<br>တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (ည) | ဒေါက်တာမနာမ်တူးဂျာ<br>ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (ဋ) | တာလှဖေ<br>တအာင်း (ပလောင်) အမျိုးသားပါတီ | အဖွဲ့ဝင် |
| (ဌ) | ဦးခွန်ထွန်းရွှေ<br>ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (ဍ) | ဦးဇန်ဇမုန်<br>ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (ဎ) | ဦးရွှေမင်း<br>လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (ဏ) | ဦးကျော်ဇေယျာဦး<br>မွန်အမျိုးသားပါတီ | အဖွဲ့ဝင် |
| (တ) | စိုင်းကျော်ညွန့်<br>ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် | အတွင်းရေးမှူး |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၄ အရ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်

အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် **တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဦးဟင်နရီဗန်ထီးယူ<br>ဒုတိယသမ္မတ (၂) | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါက်တာဖေမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးသန့်စင်မောင်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးအုန်းဝင်း<br>ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဖေဇင်ထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးခင်မောင်ချို<br>ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာသန်းမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်ဝင်း<br>ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဝင်းမြတ်အေး<br>ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးထွန်းထွန်းဦး<br>ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာမျိုးအောင်<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာခက်အောင်<br>ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | ဦးအယ်လ်ဖောင်းရှို<br>ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃ) | ဒေါ်နန်းခင်ထွေးမြင့်<br>ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ဦးဆလိုင်းလျန်လွယ်<br>ဝန်ကြီးချုပ်<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ဒေါက်တာမြင့်နိုင်<br>ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ဒေါက်တာလဲ့လဲ့မော်<br>ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဒ) | ဦးဝင်းသိန်း<br>ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဓ) | ဒေါက်တာအောင်မိုးညို<br>ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (န) | ဒေါက်တာဇော်မြင့်မောင်<br>ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ပ) | ဦးမင်းမင်းဦး<br>ဝန်ကြီးချုပ်<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဖ) | ဦးညီပု<br>ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | ဦးဖြိုးမင်းသိန်း<br>ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဘ) | ဒေါက်တာလင်းထွဋ်<br>ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (မ) | ဦးမန်းဂျော်နီ<br>ဝန်ကြီးချုပ်<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ယ) | ဦးကျော်ကျော်မောင်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ရ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (သမဝါယမ) | အဖွဲ့ဝင် |

(လ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (လယ်/ဆည်)

(ဝ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (မွေးရေ/ကျေးလက်)

(သ) ဒေါက်တာရဲတင့်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

(ဟ) ဦးရန်လင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးရေးကော်မတီ

(ဠ) ဦးတင်ထွန်းဦး — အဖွဲ့ဝင်
အမှုဆောင်အရာရှိချုပ်
လယ်ယာစီးပွားအတိုင်ပင်ခံအဖွဲ့
(Agribusiness and Rural Development Consultant)

(အ) ဦးဝင်းအောင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ကက) ဦးချစ်ခိုင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်

(ခခ) ဦးခင်မောင်အေး — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ဇဟိုသမဝါယမအသင်း

(ဂဂ) ဦးအောင်သန်းဦး — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

(ဃဃ) ဒေါက်တာအောင်သူ — အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ငင) ဒေါက်တာထွန်းဝင်း — တွဲဖက်အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၅၅/၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇/၂၀၁၅ တို့အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

### ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၅ (ခ) အရ **"ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | တွဲဖက်စစ်ထောက်ချုပ် (၂)<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ **"ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့"** များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အစိုးရက ချမှတ်ပေးသော မြေယာမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေရန် ချမှတ်ပေးသော မူဝါဒများနှင့်အညီ ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရေး ချမှတ်ပေးသော မူဝါဒများနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဃ) လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) လယ်ယာမြေလုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းများအတွက် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်၍ ခွင့်ပြုမိန့်လက်မှတ်ထုတ်ပေးခြင်း၊ လုပ်ပိုင်ခွင့်ရရှိမှုကို မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းမှုများကို မှတ်တမ်းတင်ခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) လယ်ယာမြေလုပ်ပိုင်ခွင့်အတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်း၊

(ဆ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဇ) နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ ပြန်လည်သိမ်းယူသည့် လယ်ယာမြေများအတွက် ထိုက်သင့်သည့်နစ်နာကြေးနှင့်လျော်ကြေးကို ဒေသန္တရအခြေအနေ၊ ကာလပေါက်ဈေးတို့နှင့်အညီ သတ်မှတ်ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေသွင်း၊ ရေထုတ်မြောင်းတည်ဆောက်ရန်၊ ကုန်ထုတ်လမ်းများဖောက်လုပ်ရန်အတွက် လယ်ယာမြေကို အသုံးပြုရန်လိုအပ်ပါက အသုံးချခွင့်လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊

(ည) ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လာသော လူမှုရေးအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်စျေးစသည့် အဆောက်အအုံများအတွက် လယ်ယာမြေကို နည်းလမ်းတကျ အသုံးချခွင့် လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊

(ဋ) လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားသတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုသတ်မှတ်ခြင်း၊

(ဌ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဍ) မြေနုကျွန်းလုပ်ပိုင်ခွင့်ချထားရေးနှင့် ယင်းလုပ်ပိုင်ခွင့်ရရှိသူများ၏ အခွင့်အရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဎ) ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးနှင့် ကုန်းမြင့်လှေကားထစ်လယ်ယာစိုက်ပျိုးရေးစနစ်များ တိုးတက်ထွက်ပေါ်လာရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဏ) ကျွဲနွား၊ စားကျက်မြေများနှင့် ရွာဘုံမြေများ ထိန်းသိမ်းထားရှိရေးနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(တ) လယ်ယာမြေဥပဒေနှင့်နည်းဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်လိုအပ်သည့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ထ) နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊

(ဒ) လယ်ယာမြေဥပဒေ အာဏာမသက်ရောက်မီ ဖြစ်ပေါ်ဆောင်ရွက်လျက်ရှိသော လယ်ယာမြေ အငြင်းပွားမှုများ အယူခံစစ်ဆေးမှုများကို လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊

(ဓ) လယ်ယာမြေဥပဒေ အာဏာမသက်ရောက်မီ တင်ပြလျှောက်ထား စိစစ်ဆောင်ရွက်လျက်ရှိသော လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းဖြင့် အသုံးပြုခွင့်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအား လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊

(န) လယ်ယာမြေနှင့် လယ်ယာစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၆၂/၂၀၁၂) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက် )

**ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ်သတ်မှတ်ရေး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ရေး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီသည် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်နိုင်ရန် အောက်ပါအတိုင်း စိစစ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည် -

(က) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသ သတ်မှတ်ရေးအဖွဲ့အား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ ခေါင်းဆောင်အဖြစ်စုဖွဲ့၍ တိုင်းဒေသကြီး/ပြည်နယ်ဌာနဆိုင်ရာအကြီးအကဲများအား သင့်လျော်သလိုဖွဲ့စည်းနိုင်ရေး ပြည်ထောင်စုအဆင့်ကော်မတီမှ ဖွဲ့စည်းပေးခြင်း။

(ခ) တိုင်းဒေသကြီး/ပြည်နယ်များ၌ ဝေးလံခေါင်သီ၍လူမှုရေးခက်ခဲသောဒေသ သတ်မှတ်ပေးထားပြီးဖြစ်သည့် မြို့နှင့်ကျေးရွာအုပ်စုများအားအခြေခံအချက်များနှင့် ညီညွတ်မှု ရှိ/မရှိ ပြန်လည်ဆန်းစစ်အတည်ပြုသတ်မှတ်ပေးခြင်း။

(ဂ) တိုင်းဒေသကြီး/ပြည်နယ်များမှ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများ ထပ်မံသတ်မှတ်ပေးနိုင်ရန် တင်ပြလာပါက အခြေခံ (၁၀) ချက်နှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ပေးခြင်း။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်များမှ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ပေးနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိစစ်ရေးကော်မတီ၏ ထောက်ခံချက်နှင့်အတူ တင်ပြလာပါက ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသအဖြစ် စိစစ်ပြီး ဘဏ္ဍာရေးနှစ်၏နှစ်စတွင် ခွင့်ပြုမိန့် ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ပေးခြင်း။

(င) ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ပေးထားသော မြို့နှင့်ကျေးရွာအုပ်စုများအား (၂) နှစ်တစ်ကြိမ် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို စိစစ်၍ ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသအဖြစ်မှ ပယ်ဖျက်ခြင်း၊ အဆင့်လျှော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက် )

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ ။ )

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ် အတွင်းတွင်လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လ အတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက် )

### အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁ ။ )**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ် အတွင်းတွင်လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လ အတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက် )

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂ ။ )

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင်လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

## မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (မူကြမ်း)
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။)

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့အား ကာကွယ်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပင်လယ်ဇုန်များ**ဆိုသည်မှာ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့အပါအဝင် နိုင်ငံတော်နှင့်သက်ဆိုင်သည့်ပင်လယ်ဇုန်များကို ဆိုသည်။

(င) **အခြေခံမျဉ်း**ဆိုသည်မှာ ဤဥပဒေ၏ **နောက်ဆက်တွဲ (က)** တွင် သတ်မှတ်ဖော်ပြထားသည့် အခြေခံမျဉ်းများကို ဆိုသည်။

(စ) **အတွင်းပိုင်းရေပြင်**ဆိုသည်မှာ အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကို ဆိုသည်။

(ဆ) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကို ဆိုသည်။

(ဇ) **ငါးဖမ်းခြင်း**ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **ရေယာဉ်**ဆိုသည်မှာ ရေတွင် လှုပ်ရှားသွားလာနိုင်သော စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်ကို ဆိုသည်။

(ည) **နိုင်ငံခြားရေယာဉ်**ဆိုသည်မှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောရေယာဉ်၊ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံတစ်ခုခုတွင် မှတ်ပုံတင်ထားခြင်းမရှိသော မြန်မာနိုင်ငံသားပိုင်ရေယာဉ်နှင့် နိုင်ငံတော်ပိုင်ရေယာဉ်တို့မှအပ အခြားရေယာဉ်များကို ဆိုသည်။

(ဋ) **သဘာဝသယံဇာတ**ဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထုနှင့် ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုတို့တွင် ပါဝင်သော သက်ရှိသက်မဲ့ သယံဇာတများကို ဆိုသည်။

(ဌ) **ရေမိုင်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာရေမိုင်ကို ဆိုသည်။

## အခန်း (၂)
## ပိုင်နက်ပင်လယ်

၃။ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်သည် အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင်တစ်ဆယ့်နှစ်မိုင်အထိ ကျယ်ဝန်းသည်။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပိုင်နက်ပင်လယ်၊ ယင်းအောက်ရှိ ပင်လယ်ကြမ်းပြင်၊ အောက်ခံမြေထုနှင့် ယင်းအထက်ရှိ လေထုအထိ သက်ရောက်သည်။

၅။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ နိုင်ငံခြားစစ်ရေယာဉ်မှအပ နိုင်ငံအားလုံး၏ ရေယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသောဖြတ်သန်းမှုဖြင့် ဖြတ်သန်းခွင့်ရှိသည်။ ဖြတ်သန်းမှုသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကိုထိပါးခြင်းမရှိသရွေ့ အပြစ်ကင်းသော ဖြတ်သန်းမှုဖြစ်သည်။

(ခ) နိုင်ငံခြားစစ်ရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းခွင့်ရှိသည်။

(ဂ) အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်လာသော နိုင်ငံခြားစစ်ရေယာဉ်ကို ပိုင်နက်ပင်လယ်မှ ချက်ချင်းထွက်ခွာသွားစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဆောင်ရွက်ခွင့်ရှိသည်။

၆။ ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းနေစဉ် -

(က) မည်သည့်နိုင်ငံခြားရေယာဉ်မဆို နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ခ) မည်သည့် နိုင်ငံခြားရေယာဉ်မဆို သဘာဝဘေးအန္တရာယ် သို့မဟုတ် တားဆီးရှောင်လွှဲခြင်း မပြုနိုင်သည့်အကြောင်းမှတစ်ပါး ပိုင်နက်ပင်လယ်အတွင်း ရပ်နားခြင်း၊ ကျောက်ချခြင်းမပြုဘဲ အတိုဆုံးလမ်းကြောင်းမှ ဖြတ်သန်းရမည်။

(ဂ) နိုင်ငံခြားငါးဖမ်းရေယာဉ်သည် ပင်လယ်ခရီးထွက်သည့်အခါ ငါးဖမ်းပစ္စည်းကိရိယာများကို သိမ်းဆည်းထားရှိနေကျအတိုင်း စနစ်တကျထားရှိရမည်။

(ဃ) နိုင်ငံခြားသုတေသနရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ သုတေသနလုပ်ငန်းကို ဆောင်ရွက်ရမည်။

(င) နိုင်ငံခြားရေငုပ်သင်္ဘောများနှင့် ရေအောက်တွင်သွားလာနိုင်သော အခြားယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းစဉ် ပင်လယ်ရေမျက်နှာပြင်ပေါ်တွင်သာ ခုတ်မောင်းရမည့်အပြင် သက်ဆိုင်ရာအလံကို လွှင့်ထူရမည်။

၇။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသောဖြတ်သန်းမှုပြုနေစဉ် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးစေသည်ဟု မှတ်ယူရမည် -

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးလွတ်လပ်ခွင့်ကိုလည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံမူများကိုလည်းကောင်း ချိုးဖောက်သော ခြိမ်းခြောက်မှု၊ အင်အားသုံးမှု သို့မဟုတ် အခြားပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ခ) မည်သည့် လက်နက်အမျိုးအစားကိုမဆို စမ်းသပ်ခြင်း၊ လေ့ကျင့်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဂ) နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကိုထိပါးစေမည့် သတင်းအချက်အလက်များ စုဆောင်းခြင်း၊

(ဃ) နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကိုထိပါးစေသော ဝါဒဖြန့်ခြင်း၊

(င) ရေယာဉ်ပေါ်သို့ မည်သည့်ယာဉ်အမျိုးအစားကိုမဆို အတက်အဆင်းပြုလုပ်ခြင်း သို့မဟုတ် အတင်အချပြုလုပ်ခြင်း၊

(စ) ရေယာဉ်ပေါ်သို့ စစ်လက်နက်ကိရိယာများကို အတင်အချပြုလုပ်ခြင်း သို့မဟုတ် ရေယာဉ်ပေါ်မှ ပစ်လွှတ်ခြင်း၊

(ဆ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေး ဆိုင်ရာ ဥပဒေများနှင့် ခွင့်ပြုထားခြင်းမရှိသော ပစ္စည်း၊ ငွေ သို့မဟုတ် လူပုဂ္ဂိုလ်ကို အတင်အချ ပြုလုပ်ခြင်း၊

(ဇ) အဏ္ဏဝါပတ်ဝန်းကျင်ကို ညစ်ညမ်းစေရန် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ဈ) ငါးဖမ်းခြင်းနှင့် ငါးလုပ်ငန်းပြုလုပ်ခြင်း၊

(ည) သုတေသနလုပ်ငန်းများ သို့မဟုတ် တိုင်းတာမှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဋ) နိုင်ငံတော်၏ ဆက်သွယ်ရေးစနစ်၊ အခြားအထောက်အကူပြုပစ္စည်း သို့မဟုတ် တပ်ဆင်ထားသော ပစ္စည်းကိရိယာနှင့် အဆောက်အအုံများကို နှောင့်ယှက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှု တစ်ခုခုကို ပြုလုပ်ခြင်း၊

(ဌ) အပြစ်ကင်းသော ဖြတ်သန်းမှုနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသည့် အခြား ဆောင်ရွက်ချက်တစ်ခုခုကို ပြုလုပ်ခြင်း။

၈။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုကို ပြုရာတွင် သက်ဆိုင်ရာဥပဒေများကိုလိုက်နာရမည့်အပြင် ပင်လယ်ပြင်၌ရေယာဉ်တိုက်မှုဖြစ်ပွားခြင်းကို ကာကွယ်ခြင်းနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းများကိုလည်း လိုက်နာရမည်။

၉။ (က) နိုင်ငံတော်သည် ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံးရေယာဉ်နှင့် အဏုမြူ သို့မဟုတ် ပင်ကိုသဘောအရ အခြားသော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက် ဖြစ်စေသည့် ပစ္စည်းများကို သယ်ဆောင်သောရေယာဉ်အတွက် သွားလာရေးလမ်းကြောင်းကို သတ်မှတ်ပေးပြီး၊ ယင်းလမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာစေရန် ကန့်သတ်ထိန်းချုပ် နိုင်သည်။

(ခ) သက်ဆိုင်ရာ ရေယာဉ်သည် ပုဒ်မခွဲ (က) အရ ဖြတ်သန်းရာတွင် လိုအပ်သော စာရွက်စာတမ်း များကို ယူဆောင်လာရမည့်အပြင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအရ ယင်းရေယာဉ်များအတွက် သတ်မှတ်ထားသည့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အစီအမံများ ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ အစိုးရအဖွဲ့သည် အောက်ပါအကြောင်းအချက်များကို အလေးထား၍ ရေယာဉ်သွားလာရေး လမ်းကြောင်းများနှင့် ရေယာဉ်လမ်းကြောင်း ခွဲခြားမှုစနစ်၊ အစီအစဉ်များကို ရေပုံပေါ်တွင် သတ်မှတ်ပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည် -

(က) ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်ရှိသော အပြည်ပြည်ဆိုင်ရာကျွမ်းကျင်မှု အဖွဲ့အစည်း၏ အကြံပြုချက်နှင့် ထောက်ခံချက်၊

(ခ) အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှုအတွက် သုံးနေကျဖြစ်သော ရေလမ်းကြောင်းများ၊

(ဂ) အထူးဝိသေသလက္ခဏာရှိသော ရေယာဉ်များနှင့် ရေယာဉ်သွားလာရေးလမ်းကြောင်းများ၊

(ဃ) ရေယာဉ်အသွားအလာထူထပ်မှု အခြေအနေများ။

၁၁။ အစိုးရအဖွဲ့သည် -

(က) ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်း မဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကို တားဆီးကာကွယ်ရန်အတွက် လိုအပ်သောအစီအမံများကို ဆောင်ရွက်နိုင်သည်။

(ခ) အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့် ရေယာဉ်များ သို့မဟုတ် အတွင်းပိုင်းရေပြင် ပြင်ပရှိ ဆိပ်ကမ်းကဲ့သို့ အသုံးပြုနိုင်သည့်နေရာသို့ ဝင်ရောက်သည့် ရေယာဉ်များနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များ ချိုးဖောက်ခြင်းကို တားဆီးကာကွယ်ရန် လိုအပ်သောအစီအမံများကို ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏ လုံခြုံရေးအတွက် ကာကွယ်ရန်လိုအပ်လျှင် ပိုင်နက်ပင်လယ်အတွင်း နိုင်ငံခြားရေယာဉ်များ၏ အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်းကို ခေတ္တရပ်ဆိုင်းနိုင်သည်။ ထိုကဲ့သို့ ရပ်ဆိုင်းထားခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ပြီးမှ ဆောင်ရွက်ရမည်။

၁၂။ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်အား သာမန်အားဖြင့် အခကြေးငွေ စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်သည် သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းအတွက်ကိုမူ အခကြေးငွေ စည်းကြပ်နိုင်သည်။

၁၃။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်များပေါ်တွင် ဖြစ်ပွားသော ပြစ်မှုများနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် ဖမ်းဆီးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည် -

(က) ပြစ်မှုနှင့် ဆက်စပ်အကျိုးသက်ရောက်မှုသည် နိုင်ငံတော်သို့ ပျံ့နှံ့လာနိုင်သည့်ကိစ္စရပ်ဖြစ်ခြင်း၊

(ခ) ပြစ်မှုသည် နိုင်ငံတော်၏ငြိမ်းချမ်းရေး သို့မဟုတ် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိပါးစေမည့် ကိစ္စရပ်ဖြစ်ခြင်း၊

(ဂ) သင်္ဘောတွင် လွှင့်ထူထားသော အလံနှင့် သက်ဆိုင်သည့် ရေယာဉ်မှူးကဖြစ်စေ၊ နိုင်ငံ၏ သံတမန်ကိုယ်စားလှယ် သို့မဟုတ် ကောင်စစ်အရာရှိကဖြစ်စေ နိုင်ငံတော်၏ အကူအညီကို တောင်းခံလာသည့် ကိစ္စရပ်ဖြစ်ခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း၊

(င) အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ လက်နက်မှောင်ခိုမှု သို့မဟုတ် ပင်လယ်ဓားပြမှုနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ဆိုင်သော ပြုလုပ်မှုကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း။

၁၄။ နိုင်ငံခြားရေယာဉ်သည် မြန်မာနိုင်ငံ၏ အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းခဲ့ပြီးနောက် ယင်းရေပြင်မှ ထွက်ခွာပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းနေစဉ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များအပြင် လိုအပ်သလို ဖမ်းဆီးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းပြုနိုင်သည်။

၁၅။ နိုင်ငံတော်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်နှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စများတွင် တရားမကြောင်းအရ စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည် -

(က) နိုင်ငံခြားရေယာဉ်က ယင်း၏ခရီးစဉ်အတွင်း လိုက်နာရန်ရှိသည့်တာဝန်ကို ပျက်ကွက်ခြင်းနှင့် ပေးဆောင်ရန်တာဝန်ရှိမှုကို ပျက်ကွက်ခြင်း၊

(ခ) နိုင်ငံခြားရေယာဉ်က အတွင်းပိုင်းရေပြင်၌ တရားမကြောင်းဆိုင်ရာ တာဝန်ရှိသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

## အခန်း (၃)
## ဆက်စပ်ဇုန်

၁၆။ နိုင်ငံတော်၏ ဆက်စပ်ဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နယ်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်အပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင်နှစ်ဆယ့်လေးမိုင်အထိ ကျယ်ဝန်းသည်။

၁၇။ နိုင်ငံတော်သည် ဆက်စပ်ဇုန်တွင် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့်ထိန်းချုပ်မှုများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) နိုင်ငံတော်၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရေး၊

(ခ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ ကျန်းမာသန့်ရှင်းရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများကို ဖောက်ဖျက်ခြင်းမပြုရန် ကြိုတင်တားဆီးကာကွယ်ရေးနှင့် ဖောက်ဖျက်သူတို့အား ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးရေး။

၁၈။ ဆက်စပ်ဇုန်၏ ပင်လယ်ကြမ်းပြင်တွင်တည်ရှိနေသော ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် သမိုင်းဝင်ပစ္စည်းများအပါအဝင် မည်သည့်ဝတ္ထုပစ္စည်းကိုမဆို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ရွှေ့ပြောင်းခြင်းမပြုရ။

## အခန်း (၄)
## သီးသန့်စီးပွားရေးဇုန်

၁၉။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည်။ ယင်းသီးသန့်စီးပွားရေးဇုန်သည် ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များမှအပ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် (၂၀၀) ထိ ကျယ်ဝန်းသည်။

၂၀။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် ရခိုင်ကမ်းရိုးတန်းဒေသတွင် ရခိုင်ကမ်းရိုးတန်းရှိ အခြေခံအမှတ် (၁၁) ခုအား ဆက်ဆွဲသော အခြေခံမျဉ်းမှ အောက်ဖော်ပြပါမျဉ်းများအထိ ကျယ်ဝန်းသည် -

(က) မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၊

(ခ) မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်မျဉ်းနှင့် အခြေခံမျဉ်းမှ ရေမိုင် (၂၀၀) ကွာဝေးသော စက်ဝန်းပြတ်မျဉ်းထိသောနေရာမှ ရေမိုင် (၂၀၀) စက်ဝန်းပြတ်မျဉ်း၊

(ဂ) ရေမိုင် (၂၀၀) စက်ဝန်းပြတ်မျဉ်းနှင့် ၁၉၈၆ ခုနှစ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသဘောတူခဲ့သည့် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၏ အမှတ် (၁၆) ထိသောနေရာမှ နယ်နိမိတ်မျဉ်း၏ အမှတ် (၁၅၊ ၁၄၊ ၁၃၊ ၁၂၊ ၁၁၊ ၁၀) တို့အား အစဉ်အတိုင်း ဆက်ဆွဲထားသောမျဉ်း။

၂၁။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် မြစ်ဝကျွန်းပေါ်ဒေသတွင် မြစ်ဝကျွန်းပေါ်ရှိ အခြေခံအမှတ် (၂) ခုအား ဆက်ဆွဲသော အခြေခံမျဉ်းမှ ၁၉၈၆ ခုနှစ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံသဘောတူခဲ့သည့် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၏ အမှတ် (၁၀) နှင့် (၉) အား ဆက်ဆွဲသောမျဉ်းအထိ ကျယ်ဝန်းသည်။

၂၂။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် တနင်္သာရီကမ်းရိုးတန်းဒေသတွင် တနင်္သာရီကမ်းရိုးတန်းရှိ အခြေခံအမှတ် (၁၁) မှတ်အား ဆက်ဆွဲသော အခြေခံမျဉ်းမှ ၁၉၈၆ ခုနှစ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သဘောတူခဲ့သည့် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၏အမှတ် (၉) မှ (၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂၊ ၁) တို့အား အစဉ်အတိုင်း ဆက်ဆွဲသောမျဉ်းအထိကျယ်ဝန်းပြီး တောင်ဘက်တွင် မြန်မာ- ထိုင်းပင်လယ်ပြင်နယ်နိမိတ်မျဉ်းအထိ ဖြစ်သည်။

၂၃။ မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၊ မြန်မာ-အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်မျဉ်းနှင့် မြန်မာ - ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်မျဉ်းတို့၏ ကိုဩဒိနိတ်များမှာ **နောက်ဆက်တွဲ (ခ)** တွင်လည်းကောင်း၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြသည့်ရေပုံမှာ **နောက်ဆက်တွဲ (ဂ)** တွင်လည်းကောင်း ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။

၂၄။ နိုင်ငံတော်သည် သီးသန့်စီးပွားရေးဇုန်အတွင်း အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) သီးသန့်စီးပွားရေးဇုန်အတွင်းရှိ ရေထု၊ ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့တွင်ရှိသော သက်ရှိ၊ သက်မဲ့၊ သဘာဝသယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေးနှင့် တူးဖော်ထုတ်လုပ်ရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး၊ ရေ၊ ရေစီးကြောင်းနှင့် လေတို့မှ စွမ်းအင်ထုတ်လုပ်ရေးအပါအဝင် အခြားသော စီးပွားရေးဆိုင်ရာ စူးစမ်းရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးနှင့် မွေးမြူရေးတို့အတွက် အချုပ်အခြာ အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များ၊

(ခ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ရေး၊ ထိန်းသိမ်းရေးနှင့် အသုံးပြုရေးတို့အတွက် သီးသန့်လုပ်ပိုင်ခွင့်နှင့် သီးသန့်အခွင့်အာဏာများ၊ ယင်းနေရာများအတွက် လုံခြုံရေးဇရိယာသတ်မှတ်နိုင်သည့် အခွင့်အာဏာများ၊

(ဂ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးရေး၊ ကြီးကြပ်ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးတို့အတွက် သီးသန့်အခွင့်အာဏာများ၊

(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ အဏ္ဏဝါညစ်ညမ်းမှုကို တားဆီးရေးနှင့် ထိန်းချုပ်ရေးတို့အတွက် လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများ၊

(င) ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း (၁၉၈၂) အရ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ။

၂၅။ နိုင်ငံအားလုံးသည် သီးသန့်စီးပွားရေးဇုန်အတွင်း ရေယာဉ်များ လွတ်လပ်စွာ ဖြတ်သန်းခွင့်၊ ယင်းဇုန်အထက်ရှိ လေထုအတွင်း လေယာဉ်များ လွတ်လပ်စွာပျံသန်းခွင့်၊ ယင်းဇုန်အတွင်း ရေအောက် ကေဘယ်လ်ကြိုးချခွင့်၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများချခွင့်နှင့် ယင်းဇုန်အတွင်း ဥပဒေနှင့်ညီသော အသုံးပြုခွင့်များရှိသည်။ ယင်းသို့ အသုံးပြုခွင့်များကို ကျင့်သုံးရာတွင် ပုဒ်မ ၂၄ ပါ နိုင်ငံတော်၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ထိခိုက်ခြင်းမရှိစေရ။

၂၆။ မည်သူမျှ သီးသန့်စီးပွားရေးဇုန်တွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) စူးစမ်းရှာဖွေခြင်း၊

(ခ) သက်ရှိ၊ သက်မဲ့၊ သဘာဝသယံဇာတပစ္စည်းများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် တွင်းတူးခြင်း၊

(င) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း။

၂၇။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် သီးသန့်စီးပွားရေးဇုန်အတွင်း သက်ရှိ၊ သက်မဲ့၊ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအလို့ငှာ ရေယာဉ်ပေါ်သို့ တက်ရောက်ခြင်း၊ ရေယာဉ်များကို စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၅)
## ကမ်းလွန်ရေတိမ်ပိုင်း

၂၈။ နိုင်ငံတော်၏ကမ်းလွန်ရေတိမ်ပိုင်းသည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး၊ ကုန်းပိုင်နက်နှင့် သဘာဝအလျောက် တစ်ဆက်တည်းဖြစ်သည့် ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့ပါဝင်သည်။ နိုင်ငံတော်မှ ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်း ကော်မရှင်သို့ ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေခံမျဉ်းမှ ရေမိုင် (၂၀၀) အလွန် ကမ်းလွန်ရေတိမ်ပိုင်းအား သိပ္ပံနှင့် နည်းပညာ အချက်အလက် အထောက်အထားများဖြင့် တောင်းခံထားမှုအပေါ် ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်း ကော်မရှင်က ထောက်ခံအတည်ပြုသည့် ကမ်းလွန်ရေတိမ်ပိုင်း ဧရိယာအရ အခြားနိုင်ငံများ၏ ကမ်းလွန် ရေတိမ်ပိုင်း ဧရိယာနှင့်ထပ်နေပါက ထိုနိုင်ငံများနှင့် သဘောတူခွဲခြားပြီးသည့် ဧရိယာသတ်မှတ်ချက်အထိ ကျယ်ဝန်းသည်။

၂၉။ ကမ်းလွန်ရေတိမ်ပိုင်း၏ သဘာဝသယံဇာတပစ္စည်းများဆိုရာတွင် -

(က) ဓာတ်သတ္တုနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများ ပါဝင်သည်။ သက်ရှိ၊ သက်မဲ့ သယံဇာတ ပစ္စည်းများတွင် ပင်လယ်အောက်ခြေ တစ်နေရာတည်း၌ အတည်တကျပေါက်ပွားလေ့ရှိသော အပင်နှင့် ဖမ်းယူသင့်သည့်အချိန်၊ ဖမ်းယူသင့်သည့် အရွယ်၌ ပင်လယ်ကြမ်းပြင်ပေါ်တွင်ဖြစ်စေ၊ ပင်လယ်ကြမ်းပြင်အောက်တွင်ဖြစ်စေ၊ မရွေ့လျားနိုင်သော သို့မဟုတ် ပင်လယ်ကြမ်းပြင်နှင့်ဖြစ်စေ၊ အောက်ခံမြေထုနှင့်ဖြစ်စေ ထာဝစဉ် ထိတွေ့နေသော သတ္တဝါများ ပါဝင်သည်။

( ခ ) အစိုးရအဖွဲ့ကအခါအားလျော်စွာ ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝသယံဇာတပစ္စည်းများ ပါဝင်သည်။

၃၀။ နိုင်ငံတော်သည် ကမ်းလွန်ရေတိမ်ပိုင်းတွင် အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံး ပိုင်ခွင့်ရှိသည် -

(က) သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေခြင်းနှင့် မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို တူးဖော်ထုတ်လုပ်ခြင်း၊

( ခ ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်း၊

( ဂ ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိန်းချုပ်ခြင်း၊

(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ရေအောက်ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် အဏ္ဏဝါညစ်ညမ်းမှုကို လျှော့ချခြင်း၊ တားဆီးခြင်းနှင့် ထိန်းချုပ်ခြင်း၊

( င ) မြေအောက်ဥမင်လိုဏ်ခေါင်းတူးဖော်ခြင်း၊

( စ ) အပြည်ပြည်ဆိုင်ရာဥပဒေအရ အခါအားလျော်စွာ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း။

၃၁။ မည်သူမျှ ကမ်းလွန်ရေတိမ်ပိုင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) စူးစမ်းရှာဖွေခြင်း၊

(ခ) သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို ရှာဖွေခြင်း၊ တူးဖော်ခြင်း သို့မဟုတ် တွင်းတူးခြင်း၊

(င) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(စ) ရေအောက်ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းများချခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်း။

## အခန်း (၆)
## ထက်ကြပ်မကွာလိုက်လံဖမ်းဆီးခွင့်

၃၂။ နိုင်ငံတော်သည် ဤဥပဒေနှင့် အခြားတည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသော မည်သည့်နိုင်ငံခြားရေယာဉ်ကိုမဆို အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်ကို ကျင့်သုံးနိုင်သည်။ ယင်းသို့ ထက်ကြပ်မကွာလိုက်လံဖမ်းဆီးခွင့်သည် လိုက်လံဖမ်းဆီးခြင်းခံရသော နိုင်ငံခြားရေယာဉ်က ယင်း၏ ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားလျှင်သော်လည်းကောင်း၊ တတိယနိုင်ငံ၏ ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားလျှင်လည်းကောင်း ရပ်ဆိုင်းသည်။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို ပုဒ်မ ၁၈၊ ၂၆ သို့မဟုတ် ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းသော်လည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းသော်လည်းကောင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၆၊ ၇ သို့မဟုတ် ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းသော်လည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုလျှင်သော်လည်းကောင်း သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၃၅။ ပုဒ်မ ၃၃ အရ ငွေဒဏ်ချမှတ်ရာတွင် ပြစ်မှုကျူးလွန်သူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားနှင့် သက်ဆိုင်သူဖြစ်ပါက တရားရုံးက ချမှတ်သည့် ငွေဒဏ်ကို သတ်မှတ်ထားသောနှုန်းထားနှင့်အညီ သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

၃၆။ ပုဒ်မ ၃၃ တွင် ဖော်ပြပါရှိသော ပြစ်မှုတစ်ရပ်ရပ်နှင့် အကျုံးဝင်သော ရေယာဉ်များအနက် စစ်ရေယာဉ်မှအပ မည်သည့်ရေယာဉ်ကိုမဆို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။ ရေယာဉ်တွင် တပ်ဆင်ထားသော ကိရိယာ၊ တန်ဆာပလာများ ရေယာဉ်ပေါ်ရှိ ပစ္စည်းများအားလုံးကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## အခန်း (၈)

## အထွေထွေ

၃၇။ နိုင်ငံတော်သည် အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အရေးယူဆောင်ရွက်နိုင်သည်။

၃၈။ ဤဥပဒေအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

၃၉။ ပုဒ်မ ၃၄ အရ အရေးယူဆောင်ရွက်သည့် ကိစ္စရပ်များသည် ပုဒ်မ ၁၅ ပါ တရားမကြောင်းအရ စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်သည့် ကိစ္စရပ်များကို မထိခိုက်စေရ။

၄၀။ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဤဥပဒေအရ တရားစွဲဆိုခြင်း မပြုရ။

၄၁။ အစိုးရအဖွဲ့သည် မိမိလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၄၃။ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## နောက်ဆက်တွဲ (က)

၁။ ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို သတ်မှတ်ရာ၌ နိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်း ပထဝီအနေအထားများအရ လည်းကောင်း၊ ပင်လယ်ကမ်းခြေဒေသများ၏ စီးပွားရေးလိုအပ်ချက်များအရလည်းကောင်း အောက်ဖော်ပြပါ ပုံသေသတ်မှတ်ထားသည့် တည်နေရာအမှတ်များအား ဆက်စပ်၍ ရေးဆွဲထားသော အခြေခံမျဉ်းဖြောင့်မှ တိုင်းတာသည် -

**ဇယား**

၂။ **ရခိုင်ကမ်းရိုးတန်း**

| | | | |
|---|---|---|---|
| (က) | မေယုကျွန်း၏တောင်ဘက်စွန်း (Southern Point of Mayu Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၁၁' ၄၉"<br>၉၂° ၃၂' ၁၉" |
| (ခ) | မြင်းကွန်းကျွန်း၏တောင်ဘက်စွန်း (Boronga Point) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၉° ၄၈' ၃၀"<br>၉၃° ၀၁' ၄၂" |
| (ဂ) | တောင်သန္တာကျွန်း (South Terribles Rock) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၉° ၂၂' ၅၆"<br>၉၃° ၁၆' ၂၀" |
| (ဃ) | ဂမ္ဘီမကျောက်တန်း၏အနောက်ဘက်စွန်း (Western Point of Henry Rocks) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၈° ၅၁' ၄၈"<br>၉၃° ၂၆' ၁၅" |
| (င) | နတ်ဗုဒ္ဓါကျွန်း (Nerbudda Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၈° ၂၀' ၅၀"<br>၉၃° ၅၆' ၂၅" |

| | | | |
|---|---|---|---|
| (စ) | ကျောက်လက်ဝါးကျောက်စု | မြောက်လတ္တီတွဒ် | ၁၇° ၂၇' ၃၉" |
| | (Church Rocks) | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၉' ၄၆" |
| (ဆ) | ငှက်တောင်ကျွန်းများ၏အနောက်မြောက်ကျွန်းစု | မြောက်လတ္တီတွဒ် | ၁၆° ၅၅' ၂၈" |
| | (North West Group of Hnget-taung Kyun Island) | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၂' ၄၅" |
| (ဇ) | ကိုရင်ကြီးကျွန်း | မြောက်လတ္တီတွဒ် | ၁၆° ၃၁' ၂၀" |
| | (Goyangyi Island) | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၄' ၂၁" |
| (ဈ) | ဆင်ပိန်ကျွဲကျောက်များ၏တောင်ဘက်ကျောက် | မြောက်လတ္တီတွဒ် | ၁၆° ၁၈' ၅၅" |
| | (South Rock) | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၁' ၂၀" |
| (ည) | ကျောက်နက် | မြောက်လတ္တီတွဒ် | ၁၆° ၁၁' ၅၀" |
| | (Black Rock) | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၀' ၅၀" |
| (ဋ) | ပုသိမ်မီးပြ | မြောက်လတ္တီတွဒ် | ၁၅° ၄၂' ၁၃" |
| | (Pathein Light House) | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၂' ၀၆" |

၃။ **မုတ္တမပင်လယ်ကွေ့**

| | | | |
|---|---|---|---|
| (က) | ပုသိမ်မီးပြ | မြောက်လတ္တီတွဒ် | ၁၅° ၄၂' ၁၃" |
| | (Pathein Light House) | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၂' ၀၆" |
| (ခ) | ဟိန်းဇဲဘုတ်ကျွန်း၏အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၂၄' ၁၅" |
| | (Western Point of Heinze' Bok Island) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၆' ၀၂" |

၄။ **တနင်္သာရီကမ်းရိုးတန်း**

| | | | |
|---|---|---|---|
| (က) | ဟိန်းဇဲဘုတ်ကျွန်း၏အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၂၄' ၁၅" |
| | (Western Point of Heinze' Bok Island) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၆' ၀၂" |
| (ခ) | မောင်းမကန်ကျွန်းစု၏မြောက်ကျွန်း | မြောက်လတ္တီတွဒ် | ၁၄° ၀၉' ၀၀" |
| | (North Island of Maungmagan Islands) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၆' ၅၄" |
| (ဂ) | ထုံးတောင်ကျွန်း | မြောက်လတ္တီတွဒ် | ၁၂° ၄၁' ၃၀" |
| | (West Canister Island) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၃' ၄၀" |
| (ဃ) | ကုရင်ကျွန်း၏မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၂° ၃၀' ၃၀" |
| | (Northern Point of Saurim Island) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၇' ၄၂" |
| (င) | နာခံကျွန်း၏အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၂° ၀၃' ၀၃" |
| | (Western Point of Prinsep Island) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၃၈' ၀၀" |
| (စ) | အနောက်စူလာကျွန်း၏အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၁° ၄၇' ၁၅" |
| | (Western Point of Great Western Torres) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၂၆' ၁၅" |
| (ဆ) | မြောက်တော်ဝင်ကျွန်း၏အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၀° ၃၈' ၁၅" |
| | (North Western Point of Myauk Taw Win Island) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၁' ၄၅" |
| (ဇ) | တောင်တော်ဝင်ကျွန်း၏အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၀° ၂၈' ၁၂" |
| | (Western Point of Taung Taw Win Island) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၀' ၄၅" |
| (ဈ) | အောက်ကျွန်းနီကျွန်း | မြောက်လတ္တီတွဒ် | ၀၉° ၅၁' ၂၄" |
| | (Auk Kyun Ni Island) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၅၂' ၁၈" |

| | | | |
|---|---|---|---|
| (ည) | တစ်ပင်တိုင်ကျွန်း | မြောက်လတ္တီတွဒ် | ၀၉° ၄၀' ၄၅" |
| | (Ta Bin Taing Island) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၅၄' ၃၀" |
| (ဋ) | တောင်စွန်းကျွန်း၏အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၀၉° ၃၅' ၅၄" |
| | (Western Point of Taung Sune Island) | အရှေ့လောင်ဂျီတွဒ် | ၉၇° ၅၈' ၁၂" |

၅။ **ပရီပဲရစ်ကျွန်းအုပ်စု**

| | | | |
|---|---|---|---|
| (က) | နွားသားအမိကျွန်း၏အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၆' ၀၇" |
| | (North Western Point of Cow and Calf Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၈' ၄၆" |
| (ခ) | အုန်းပင်ကျွန်း၏အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၂' ၁၅" |
| | (Western Point of Ohn Pin Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၄' ၀၈" |
| (ဂ) | သဲဖြူကျွန်း၏အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၁' ၄၀" |
| | (North Western Point of Thee Phyu Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၄' ၁၂" |
| (ဃ) | ဆင်ကျွန်း၏အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၀' ၅၆" |
| | (North Western Point of Sin Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၄' ၁၀" |
| (င) | လူခေါင်းကျွန်း၏အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၄၇' ၂၄" |
| | (North Western point of Lu Gaung Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၂' ၅၉" |
| (စ) | လူခေါင်းကျွန်း၏တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၄၇' ၀၈" |
| | (Southern point of Lu Gaung Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၃' ၀၀" |
| (ဆ) | ပါလီပါလဲ့ကျွန်း၏တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၀' ၁၇" |
| | (Southern point of Preparis Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၆' ၄၀" |
| (ဇ) | ပါလီပါလဲ့ကျွန်း၏အရှေ့မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၃' ၅၄" |
| | (North Eastern point of Preparis Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၈' ၃၅" |
| (ဈ) | နွားသားအမိကျွန်း၏အရှေ့ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၅' ၅၂" |
| | (Eastern point of Cow and Calf Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၉' ၀၆" |

၆။ **ကိုကိုးကျွန်းအုပ်စု**

| | | | |
|---|---|---|---|
| (က) | မင်္ဂလာကျွန်း၏အရှေ့မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၁၁' ၃၃" |
| | (North Eastern point of Mingala Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၂' ၂၀" |
| (ခ) | ညှပ်ဖိနပ်ကျွန်း၏အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၁၁' ၂၈" |
| | (Western point of Slipper Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၁' ၁၇" |
| (ဂ) | ကိုကိုးလေးကျွန်း၏အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၀၀' ၅၅" |
| | (North Western point of Little Co Co Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၁၃' ၀၉" |
| (ဃ) | ကိုကိုးလေးကျွန်း၏တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၃° ၅၈' ၁၈" |
| | (Southern point of Little Co Co Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၁၃' ၂၂" |
| (င) | ချယ်ရီကျွန်း၏တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၀၂' ၅၄" |
| | (Southern point of Cherry Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၁' ၅၂" |
| (စ) | ကိုကိုးကြီးကျွန်း၏အရှေ့မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၀၈' ၄၈" |
| | (North Eastern point of Great Co Co Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၂' ၄၁" |

**မှတ်ချက်။** ရခိုင်ကမ်းရိုးတန်း၊ မုတ္တမကွေ့၊ တနင်္သာရီကမ်းရိုးတန်းရှိ အခြေခံအမှတ်များ၏ ကိုဩဒိနိတ်များမှာ (၁၉၅၉) ခုနှစ်တွင်ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၈၂၄) နှင့် (၂၁၆-က)၊ (၁၉၆၀) ပြည့်နှစ်တွင် ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၃၇၇၁)၊ (၁၉၆၄) ခုနှစ်တွင် ထုတ်ဝေသော ဗြိတိသျှရေပုံ အမှတ် (၈၂၁) နှင့် (၃၃၇၂)၊ (၁၉၇၅) ခုနှစ်တွင် ထုတ်ဝေထားသော ဗြိတိသျှရေပုံအမှတ် (၂၁၆) တို့မှ သတ်မှတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ပါလီပါလဲ့ကျွန်းနှင့် ကိုကိုးကျွန်းတို့၏ Coordinate များကို WGS - 84 Datum ဖြင့် တိုင်းတာဖော်ပြထားပါသည်။

## နောက်ဆက်တွဲ (ခ)

၁။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားခဲ့သည့် ပင်လယ်ပြင်ဆိုင်ရာအငြင်းပွားမှုအား အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေဆိုင်ရာခုံရုံးမှ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည့် ပင်လယ်နယ်နိမိတ်မျဉ်းမှ အောက်ဖော်ပြပါအမှတ်များကို ဆက်၍ရေးဆွဲထားသော မျဉ်းဖြောင့်များဖြစ်သည်။ အမှတ် ၈ နှင့် အမှတ် ၉ ဆက်ဆွဲရာတွင်မူ စိန့်မာတင်ကျွန်းမှ ရေမိုင် (၁၂) မိုင် စက်ဝိုင်းအတိုင်းဖြစ်သည် -

**ဇယား**

| | | | | | |
|---|---|---|---|---|---|
| (က) အမှတ် (၁) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၄၂' | ၁၅. ၈" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၂' | ၀၇. ၂" |
| (ခ) အမှတ် (၂) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၄၀' | ၄၅. ၀" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၀' | ၂၉. ၀" |
| (ဂ) အမှတ် (၃) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၃၉' | ၅၁. ၀" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၁' | ၁၁. ၅" |
| (ဃ) အမှတ် (၄) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၃၇' | ၁၃. ၅" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၃' | ၄၂. ၃" |
| (င) အမှတ် (၅) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၃၅' | ၂၆. ၇" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၄' | ၅၈. ၅" |
| (စ) အမှတ် (၆) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၃၃' | ၁၇. ၈" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၅' | ၄၆. ၀" |
| (ဆ) အမှတ် (၇) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၂၆' | ၁၁. ၃" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၄' | ၅၂. ၄" |
| (ဇ) အမှတ် (၈) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၂၂' | ၄၆. ၁" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၄' | ၀၉. ၁" |
| (ဈ) အမှတ် (၉) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၂၆' | ၃၉. ၂" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၉' | ၅၀. ၇" |
| (ည) အမှတ် (၁၀) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၁၃' | ၀၆. ၃" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၀၀' | ၀၇. ၆" |
| (ဋ) အမှတ် (၁၁) (Point 1) | မြောက်လတ္တီတွဒ် | ၂၀° | ၀၃' | ၃၂. ၀" |
| | အရှေ့လောင်ဂျီတွဒ် | ၉၁° | ၅၀' | ၃၁. ၈" |

**မှတ်ချက်။** အမှတ် (၁၁) မှ စတင်၍ ၂၁၅ ဒီဂရီအတိုင်း ပင်လယ်ဘက်သို့ ဆက်ဆွဲ၍ ဘင်္ဂလားဒေ့ရှ် - အိန္ဒိယ ပင်လယ်နယ်နိမိတ်မျဉ်းနှင့် တွေ့ဆုံသည့်နေရာအထိ ဖြစ်ပါသည်။ အမှတ်များ၏ Coordinate များကို WGS - 84 Datum ဖြင့် တိုင်းတာဖော်ပြထားပါသည်။ ပင်လယ်နယ်နိမိတ်မှာ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် (၂၀၀) အထိ သတ်မှတ်သည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ် - မြန်မာနှစ်နိုင်ငံ နယ်နိမိတ်မျဉ်းနှင့် ဆက်စပ်နေရာများတွင် အဆိုပါ နယ်နိမိတ်မျဉ်းအထိ ဖြစ်သည်။

## မြန်မာ - အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်

၁။ ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးထားခဲ့သော မြန်မာ-အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်မှာ အောက်ဖော်ပြပါ ပင်မအမှတ် (၁၆) မှတ်အား ဆက်သွယ်ထားသော မျဉ်းဖြောင့်များ ဖြစ်သည် -

**ဇယား**

| | | | |
|---|---|---|---|
| (က) | ပင်မအမှတ် (၁) | မြောက်လတ္တီတွဒ် | ၀၉° ၃၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၃၅' ၂၅" |
| (ခ) | ပင်မအမှတ် (၂) | မြောက်လတ္တီတွဒ် | ၀၉° ၅၃' ၁၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၂၈' ၀၀" |
| (ဂ) | ပင်မအမှတ် (၃) | မြောက်လတ္တီတွဒ် | ၁၀° ၁၈' ၄၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၁၆' ၀၂" |
| (ဃ) | ပင်မအမှတ် (၄) | မြောက်လတ္တီတွဒ် | ၁၀° ၂၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၁၅' ၅၈" |
| (င) | ပင်မအမှတ် (၅) | မြောက်လတ္တီတွဒ် | ၁၀° ၄၄' ၅၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၂၂' ၀၀" |
| (စ) | ပင်မအမှတ် (၆) | မြောက်လတ္တီတွဒ် | ၁၁° ၄၃' ၁၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၂၆' ၀၀" |
| (ဆ) | ပင်မအမှတ် (၇) | မြောက်လတ္တီတွဒ် | ၁၂° ၁၉' ၄၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၃၀' ၀၀" |
| (ဇ) | ပင်မအမှတ် (၈) | မြောက်လတ္တီတွဒ် | ၁၂° ၅၄' ၀၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၄၁' ၀၀" |
| (ဈ) | ပင်မအမှတ် (၉) | မြောက်လတ္တီတွဒ် | ၁၃° ၄၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၀၂' ၀၀" |
| (ည) | ပင်မအမှတ် (၁၀) | မြောက်လတ္တီတွဒ် | ၁၃° ၄၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၅၀' ၀၀" |
| (ဋ) | ပင်မအမှတ် (၁၁) | မြောက်လတ္တီတွဒ် | ၁၃° ၃၄' ၁၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၄၀' ၅၉" |
| (ဌ) | ပင်မအမှတ် (၁၂) | မြောက်လတ္တီတွဒ် | ၁၃° ၄၉' ၁၁" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၀၈' ၀၅" |
| (ဍ) | ပင်မအမှတ် (၁၃) | မြောက်လတ္တီတွဒ် | ၁၃° ၅၇' ၂၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၅၄' ၅၀" |

| | | |
|---|---|---|
| (ပ) ပင်မအမှတ် (၁၄) | မြောက်လတ္တီတွဒ် | ၁၄° ၀၀' ၅၉" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° ၅၀' ၀၂" |
| (ဖ) ပင်မအမှတ် (၁၅) | မြောက်လတ္တီတွဒ် | ၁၄° ၁၇' ၄၂" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° ၂၄' ၁၇" |
| (ဗ) ပင်မအမှတ် (၁၆) | မြောက်လတ္တီတွဒ် | ၁၅° ၄၂' ၅၀" |
| | အရှေ့လောင်ဂျီတွဒ် | ၉၀° ၁၄' ၀၁" |

**မှတ်ချက်။** ကိုသြဒိနိတ်များမှာ နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးခဲ့သော ၁၉၇၆ ခုနှစ်ထုတ် အိန္ဒိယ ရေပုံအမှတ် (၃၁) နှင့် ၁၉၇၉ ခုနှစ်ထုတ် ရေပုံအမှတ် (၄၁) တို့မှ ဖြစ်သည်။

## မြန်မာ - ထိုင်း ပင်လယ်ပြင်နယ်နိမိတ်

၁။ ၁၉၈၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်မှာ အောက်ဖော်ပြပါ ပင်မအမှတ် (၉) မှတ်အား ဆက်သွယ်ထားသော မျဉ်းဖြောင့်များ ဖြစ်သည် -


**ဇယား**

| | | |
|---|---|---|
| (က) ပင်မအမှတ် (၁) | မြောက်လတ္တီတွဒ် | ၀၉° ၃၂' ၁၅" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° ၅၆' ၂၀" |
| (ခ) ပင်မအမှတ် (၂) | မြောက်လတ္တီတွဒ် | ၀၉° ၃၄' ၂၉" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° ၅၂' ၁၀" |
| (ဂ) ပင်မအမှတ် (၃) | မြောက်လတ္တီတွဒ် | ၀၉° ၃၄' ၅၄" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° ၅၁' ၁၂" |
| (ဃ) ပင်မအမှတ် (၄) | မြောက်လတ္တီတွဒ် | ၀၉° ၃၅' ၃၉" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၅' ၂၉" |
| (င) ပင်မအမှတ် (၅) | မြောက်လတ္တီတွဒ် | ၀၉° ၃၆' ၀၂" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၃' ၂၉" |
| (စ) ပင်မအမှတ် (၆) | မြောက်လတ္တီတွဒ် | ၀၉° ၃၇' ၂၄" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° ၃၇' ၃၆" |
| (ဆ) ပင်မအမှတ် (၇) | မြောက်လတ္တီတွဒ် | ၀၉° ၄၀' ၃၅" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° ၂၆' ၃၆" |
| (ဇ) ပင်မအမှတ် (၈) | မြောက်လတ္တီတွဒ် | ၀၉° ၄၅' ၃၀" |
| | အရှေ့လောင်ဂျီတွဒ် | ၉၆° ၂၉' ၃၅' |
| (ဈ) ပင်မအမှတ် (၉) | မြောက်လတ္တီတွဒ် | ၀၉° ၃၈' ၀၀" |
| | အရှေ့လောင်ဂျီတွဒ် | ၉၅° ၃၅' ၂၅" |

**မှတ်ချက်။** ကိုသြဒိနိတ်များမှာ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သော ၁၉၇၅ ခုနှစ်ထုတ် ဗြိတိသျှရေပုံအမှတ် (၃၀၅၂) နှင့် ဗြိတိသျှရေပုံအမှတ် (၈၃၀) တို့မှ ဖြစ်သည်။

နောက်ဆက်တွဲ (ဂ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိမ်နီးချင်းနိုင်ငံများ၏ ပင်လယ်ပြင်နယ်နိမိတ်မျဉ်းများပြပုံ



# မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (မူကြမ်း) ရည်ရွယ်ချက်နှင့် ကြောင်းကျိုးဖော်ပြချက်

## မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၏ရည်ရွယ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့အား ပြည်တွင်းဥပဒေ၊ နိုင်ငံတကာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတို့နှင့်အညီ ကာကွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဤဥပဒေကို ပြဋ္ဌာန်းလိုခြင်းဖြစ်ပါသည်။

## မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၏ ကြောင်းကျိုးဖော်ပြချက်

၁။ မြန်မာနိုင်ငံသည် ၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကနဦးအဆင့်အဖြစ် အထူးအမိန့်ပြန်တမ်း ထုတ်ပြန်၍ အခြေခံမျဉ်းများနှင့် ပိုင်နက်ပင်လယ်၏ အကျယ်အဝန်းကို သတ်မှတ်ကြေညာခဲ့ပါသည်။ ၁၉၇၇ ခုနှစ်တွင် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို ပြဋ္ဌာန်း၍ မိမိ၏ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်တို့အား သတ်မှတ်ခဲ့ပါသည်။

၂။ ထို့နောက် ၁၉၈၂ ခုနှစ်တွင် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း ပေါ်ပေါက်လာခဲ့ပြီး မြန်မာနိုင်ငံသည် ၁၉၉၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် အဆိုပါ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး ယခင်ပြဋ္ဌာန်းထားသည့် ၁၉၇၇ ခုနှစ် ဥပဒေအား ကွန်ဗင်းရှင်းနှင့် လိုက်လျောညီထွေဖြစ်စေရန်လည်းကောင်း၊ လက်ရှိဥပဒေအား ပိုမိုပြည့်စုံစွာ ဖြည့်စွက်ပြဋ္ဌာန်းရန်လည်းကောင်း၊ ပင်လယ်ဇုန်များတွင် မြန်မာနိုင်ငံက ကျင့်သုံးမည့် စီရင်ပိုင်ခွင့်၊ အခွင့်အရေး၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ဥပဒေဖြင့်ထိရောက်စွာ ကာကွယ်ရန်လည်းကောင်း ဥပဒေသစ်တစ်ရပ်အား ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လာခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်ရေးဆွဲရန် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင်ကျင်းပသော နိုင်ငံခြားရေးရာမူဝါဒကော်မတီ အစည်းအဝေး အမှတ်စဉ် (၄၅/၂၀၀၆) တွင် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့ပါသည်။ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းအဖွဲ့ကိုဖွဲ့စည်း၍ ဥပဒေသစ်ကို ရေးဆွဲခဲ့ကြပါသည်။ အဆိုပါဥပဒေမူကြမ်းအပေါ် ဥပဒေစာသား အသုံးအနှုန်းများမှစ၍ ပြစ်မှုပြစ်ဒဏ်အထိ ရှေ့နေချုပ်ရုံးမှ အပြီးသတ်စိစစ်ပြင်ဆင်ပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင် အတည်ပြုပြဋ္ဌာန်းနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သော်လည်း ထိုအချိန်၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအမှုမှာ ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာတရားရုံး၌ ဖြေရှင်းဆောင်ရွက်နေဆဲဖြစ်၍ အမှုမပြီးဆုံးမီ မြန်မာနိုင်ငံဘက်မှ ၁၉၇၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ဥပဒေများအား လွှမ်းမိုးပယ်ဖျက်၍ ဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းမည်ဆိုပါက မိမိတို့ဘက်မှ ဥပဒေအကြောင်းအရ အားနည်းမှုများ၊ မလိုလားအပ်သော ထိခိုက်မှုများ ရှိလာနိုင်သဖြင့် အမှုပြီးပြတ်ချိန်အထိ စောင့်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။ မြန်မာ -ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအမှုအပေါ် တရားရုံးမှ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် တစ်စိတ်တစ်ဒေသ ပါဝင်ပတ်သက်နေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ပင်လယ်နယ်နိမိတ်အား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် အမြဲတမ်းအနုညာတခုံရုံး (PCA) မှ ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဥပဒေသစ် ပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆွေးနွေးပွဲပေါင်း (၇) ကြိမ် ထပ်မံကျင်းပခဲ့ကြ၍ ဆွေးနွေးသဘောတူညီခဲ့သည့် ဥပဒေမူကြမ်းအား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက် တောင်းခံခြင်း၊ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခြင်းများပြုလုပ်ခဲ့သည်။ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့၏ အကြံပြုချက်၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်တို့ကိုလည်း ရရှိထားပြီးဖြစ်ပါသည်။

၅။ ယခုပြဋ္ဌာန်းမည့် ဥပဒေမူကြမ်းတွင် အခန်း (၈) ခန်းပါဝင်ပြီး ဥပဒေစကားရပ်များအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပင်လယ်ဇုန်များအတွင်း မြန်မာနိုင်ငံ၏ စီရင်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းခြင်း၊ နိုင်ငံခြားသား

အပါအဝင် ဥပဒေချိုးဖောက်သူများအပေါ် ပြစ်မှုပြစ်ဒဏ်များ သတ်မှတ်ခြင်းတို့ကို ယခင် ၁၉၇၇ ခုနှစ်ပါ ပြဋ္ဌာန်းချက်များအပေါ် လိုအပ်သည့်အချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ၁၉၈၂ ခုနှစ် ပင်လယ်ဥပဒေ ကွန်ဗင်းရှင်းနှင့်အညီ ကိုက်ညီမှုရှိစေရန် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ရေးဆွဲထားပါသည်။ မြန်မာနိုင်ငံ၏ အခြေခံမျဉ်းများနှင့် ပတ်သက်၍ ယခင် သတ်မှတ်ကြေညာပြီးဖြစ်သည့် ၁၉၆၈ ခုနှစ် အထူးအမိန့်ပြန်တမ်း၊ ၁၉၇၇ ခုနှစ် ဥပဒေနှင့် ၂၀၀၈ ခုနှစ် ပြင်ဆင်ချက်ဥပဒေ၊ မြန်မာ - အိန္ဒိယ၊ မြန်မာ - ထိုင်း ပင်လယ်နယ်နိမိတ်ဆိုင်ရာ သဘောတူညီချက်များနှင့် မြန်မာ - ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအမှုအပေါ် ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာ တရားရုံး၏ ဆုံးဖြတ်ပေးခဲ့သည့် ဆုံးဖြတ်ချက်များအရ သတ်မှတ်ကြေညာခဲ့သည့် ရခိုင်ကမ်းရိုးတန်း၊ မုတ္တမ ပင်လယ်ကွေ့၊ တနင်္သာရီကမ်းရိုးတန်း၊ ပရိပဲရစ်ကျွန်းအုပ်စု၊ ကိုကိုးကျွန်းအုပ်စုတို့၏ အခြေခံအမှတ်များကို ကိုဩဒိနိတ်များဖြင့် ဖြည့်စွက်ဖော်ပြထားပါသည်။

၆။ ယခုအသစ်ပြဋ္ဌာန်းသွားမည့် မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေသည် အပြည်ပြည် ဆိုင်ရာ ပင်လယ်ပြင်ဆိုင်ရာဥပဒေနှင့် ၁၉၇၇ ခုနှစ်၊ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေတို့အား အခြေခံထားသည့်ဥပဒေဖြစ်သည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့်ပြင် မိမိနိုင်ငံအတွက်လိုအပ်သည့် ပြည်တွင်းဥပဒေတစ်ရပ်အဖြစ် ရပ်တည်နိုင်စေရန် ရေးဆွဲထားသည့် နိုင်ငံ၏ အချုပ်အခြာ၊ အာဏာအတွက်လည်း အရေးပါသည့် ဥပဒေတစ်ရပ်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၄ ရက် )

### အစိုးရအောင်ဘာလေထီဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အစိုးရအောင်ဘာလေထီ ဥပဒေ (မူကြမ်း)

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **အစိုးရအောင်ဘာလေထီဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့်နေ့ရက်တွင် စတင် အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအောင်ဘာလေထီ**ဆိုသည်မှာ ထီလက်မှတ်စာရွက်ဖြင့်သော်လည်းကောင်း၊ အီလက်ထရောနစ်နည်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ထီဆုငွေကံစမ်းသည့် အစီအစဉ်ကို ဆိုသည်။

(ခ) **ထီလက်မှတ်**ဆိုသည်မှာ ကံစမ်းသူက ထီကံစမ်းထားကြောင်း ဖော်ပြသည့်အထောက်အထားကို ဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်နည်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ထီကံစမ်းထားသည့် အထောက်အထားလည်း ပါဝင်သည်။

(ဂ) **အစိုးရထီရုံး**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲကို ဆိုသည်။

(ဃ) **အီလက်ထရောနစ်ထီလုပ်ငန်း**ဆိုသည်မှာ အီလက်ထရောနစ်အချက်အလက် အပြန်အလှန်ပို့ဆောင်သည့် အီးဒီအိုင်စနစ် (Electronic Data Interchange)၊ အီးမေးလ်၊ အက်စ်အမ်အက်စ်စနစ် (Short Message System)၊ တယ်လီကော်ပီ (Telecopy) တို့အပါအဝင် အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အသုံးပြု၍ ထီလက်မှတ်ရောင်းချခြင်းလုပ်ငန်းကို ဆိုသည်။

(င) **ထီလုပ်ငန်းရှင်**ဆိုသည်မှာ ဦးစီးဌာန သို့မဟုတ် အစိုးရထီရုံးနှင့် ထီလုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်သူကို ဆိုသည်။

(စ) **ထီကံစမ်းသူ**ဆိုသည်မှာ ထီလက်မှတ်ဖြင့် ထီကံစမ်းထားသူကို ဆိုသည်။

(ဆ) **ထီရောင်းချသူ**ဆိုသည်မှာ အစိုးရထီရုံးမှတိုက်ရိုက်ဖြစ်စေ၊ ထီလုပ်ငန်းရှင်ထံမှ တစ်ဆင့်ခံဖြစ်စေ ထီလက်မှတ်ရယူပြီး ရောင်းချသူကို ဆိုသည်။

(ဇ) **အောင်ဘာလေသိန်းဆုခွန်**ဆိုသည်မှာ အစိုးရထီရုံးကသော်လည်းကောင်း၊ ထီလုပ်ငန်းရှင်ကသော်လည်းကောင်း ထီလက်မှတ်ရောင်းရငွေအပေါ် နိုင်ငံတော်သို့ ပေးဆောင်ရသည့်အခွန်ကို ဆိုသည်။

(ဈ) **အကျိုးအမြတ်နှုန်း**ဆိုသည်မှာ အစိုးရထီရုံးက ထီလုပ်ငန်းရှင်အား ပေးရန်သဘောတူသတ်မှတ်ထားသည့် နှုန်းကိုဆိုသည်။

(ည) **ကော်မရှင်ခ**ဆိုသည်မှာ အစိုးရထီရုံး သို့မဟုတ် ထီလုပ်ငန်းရှင်က ထီရောင်းချသူသို့ ထီလက်မှတ်ရောင်းရငွေမှ ခံစားခွင့်ပေးသည့်အခကြေးငွေကို ဆိုသည်။

(ဋ) **ထီဆုငွေ**ဆိုသည်မှာ ထီဖွင့်ပွဲတွင် ထီပေါက်သူကို ခွဲဝေပေးသည့် ဆုငွေကို ဆိုသည်။

(ဌ) **ဆုရလက်မှတ်**ဆိုသည်မှာ ထီဖွင့်ပွဲ၌ ထွက်ပေါ်လာသည့် ထီဆုငွေနှင့်သက်ဆိုင်သော ထီလက်မှတ်ကို ဆိုသည်။

(ဍ) **ထီဖွင့်ပွဲ**ဆိုသည်မှာ ထီဆုငွေထွက်ပေါ်စေသည့် အစိုးရထီရုံးက ဆောင်ရွက်သောလုပ်ငန်းစဉ်များကို ဆိုသည်။

(ဎ) **ထီပေါက်စဉ်**ဆိုသည်မှာ အစိုးရထီရုံးက ထီဆုငွေများကို အီလက်ထရောနစ်နည်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ပြန်ကြေညာသည့် အမှတ်အသားကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)
## လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၃။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ဤဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ခံယူလုပ်ကိုင်ခွင့် ရှိရမည်။

(ခ) မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှဝန်ထမ်းများအား တာဝန်လွှဲအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

## အခန်း (၃)
## ထီလက်မှတ်များထုတ်ဝေခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း

၄။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်များကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေရမည်။

၅။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်များကို တိုက်ရိုက်သော်လည်းကောင်း၊ ကိုယ်စားလှယ်များ ခန့်အပ်၍သော်လည်းကောင်း ဖြန့်ဖြူးရောင်းချနိုင်သည်။

၆။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်ရောင်းရငွေများအားလုံးကို ဦးစီးဌာနက သတ်မှတ်ပေးသည့် ကာလအတွင်း နိုင်ငံတော်သို့ ပေးသွင်းရမည်။

## အခန်း (၄)
## ထီဖွင့်ပွဲကျင်းပခြင်း၊ ထီဆုငွေများခွဲဝေခြင်းနှင့် ထုတ်ပေးခြင်း

၇။ အစိုးရထီရုံးသည် ထီဖွင့်ပွဲကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခွင့်ပြုပေးထားသည့် နေရာ၊ သတ်မှတ်သည့်နေ့ရက်တို့တွင် အများပြည်သူရှေ့မှောက်၌ ကျင်းပပေးရမည်။

၈။ အစိုးရထီရုံးသည် ထီဖွင့်ပွဲကျင်းပပြီးနောက် ထီပေါက်စဉ်ကို အများပြည်သူသိရှိစေရန် ဖြန့်ဝေကြေညာ ပေးရမည်။

၉။ နိုင်ငံတော်သည် ထီလက်မှတ်ရောင်းရငွေမှ အောင်ဘာလေသိန်းဆုခွန်နှင့် အကျိုးအမြတ်နှုန်း သို့မဟုတ် ကော်မရှင်ခတို့ကို နုတ်ပယ်ပြီး ကျန်ငွေကို ဆုငွေများအဖြစ် ခွဲဝေပေးရမည်။

၁၀။ ထီဆုငွေများခွဲဝေခြင်း၊ အောင်ဘာလေသိန်းဆုခွန်၊ အကျိုးအမြတ်နှုန်းနှင့် ကော်မရှင်ခပေးရမည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။

၁၁။ အစိုးရထီရုံးသည် -

(က) ထီဆုငွေ စတင်ထုတ်ယူနိုင်မည့်နေ့ရက်ကို သတ်မှတ်ပေးရမည်။

(ခ) ဆုရလက်မှတ်များကို သတ်မှတ်သည့် နည်းလမ်းများအတိုင်းစစ်ဆေး၍ ထီဆုငွေထုတ်ပေးရမည်။

(ဂ) ဆုရလက်မှတ်ဖြင့် ထီကံစမ်းထားသည့် အထောက်အထားတင်ပြနိုင်မှသာလျှင် ထီဆုငွေများ ထုတ်ပေးမည်။

၁၂။ မည်သည့်နည်းဖြင့် ထီကံစမ်းထားသည်ဖြစ်စေ ထုတ်ယူရမည့် ထီဆုငွေများကို စတင်ထုတ်ယူနိုင်သည့် နေ့မှစ၍ တစ်နှစ်အတွင်းသာထုတ်ယူခွင့်ရှိသည်။ ခိုင်လုံသောအကြောင်းပြချက်မရှိပါက တစ်နှစ်ကျော်လွန်သည် အထိ ထုတ်ယူခြင်းမရှိသည့် ထီဆုငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သတ်မှတ်ရမည်။

## အခန်း (၅)
## တားမြစ်ချက်များ

၁၃။ ထီလက်မှတ်များထုတ်ဝေခြင်းကို ဝန်ကြီးဌာနကခွင့်ပြုထားသည့် အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့မှ အပ မည်သူမျှ ဆောင်ရွက်ခွင့်မရှိစေရ။

၁၄။ မည်သူမျှ ထီလက်မှတ်များကို ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းမပြုရ။

၁၅။ မည်သူမျှ ဝန်ကြီးဌာနက ခွင့်ပြုသတ်မှတ်ထားသည့် ထီလက်မှတ်များမှအပ အခြားထီလက်မှတ်များကို နိုင်ငံတော်အတွင်း၌ ထုတ်ဝေခြင်း၊ ရောင်းချခြင်းမပြုရ။

၁၆။ အစိုးရထီရုံးမှတာဝန်ရှိသူ သို့မဟုတ် ထီလုပ်ငန်းရှင် သို့မဟုတ် ထီရောင်းချသူမည်သူမျှ ထီလက်မှတ်ကို သတ်မှတ်ထားသည့် ဈေးနှုန်းထက် ပိုမိုရောင်းချခြင်းမပြုရ။

၁၇။ အစိုးရထီရုံးမှအပ မည်သူမျှ ထီဖွင့်ပွဲကို ကျင်းပခြင်းမပြုရ။

## အခန်း (၆)
## ပြစ်ဒဏ်များ

၁၈။ မည်သူမဆို -

(က) ပုဒ်မ ၁၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ်ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သောသက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံးထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ ထိုထောင်ဒဏ် အပြင် ငွေဒဏ်ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိ ချမှတ်ခြင်းခံရမည်။

(ဂ) ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံးထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ ထိုထောင်ဒဏ် အပြင် ငွေဒဏ် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။

(ဃ) ပုဒ်မ ၁၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံးထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ ထိုထောင်ဒဏ်အပြင် ငွေဒဏ် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။

(င) ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံးထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ ထိုထောင်ဒဏ်အပြင် ငွေဒဏ် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၇)
## အထွေထွေ

၁၉။ ယခင်ထီလုပ်ငန်းနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၂၀။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အီလက်ထရောနစ် ထီလုပ်ငန်းကို တည်ဆဲဥပဒေများအရ ပြည်တွင်း၊ ပြည်ပကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကများဖြင့် အကျိုးတူဆောင်ရွက်ခွင့်ရှိစေရမည်။

၂၁။ ထီလုပ်ငန်းရှင်သည် ဦးစီးဌာနနှင့် ထီလုပ်ငန်းအကျိုးတူဆောင်ရွက်သည့် လုပ်ငန်းများ၌ အောက်ဖော်ပြပါအတိုင်း လိုက်နာရမည် -

(က) အီလက်ထရောနစ် ထီလက်မှတ်ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ထီဖွင့်ပွဲကျင်းပခြင်းနှင့် ထီဆုငွေထုတ်ပေးခြင်းလုပ်ငန်းများကို နည်းပညာအရ လုံခြုံမှုရှိစေရန် တာဝန်ခံရမည်။

(ခ) နည်းပညာအရ လုံခြုံမှုကျိုးပေါက်ခြင်းကြောင့် နိုင်ငံတော်နှင့် ထိကံစမ်းသူများ နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ပါက ထီလုပ်ငန်းရှင်နှင့် ဦးစီးဌာနတို့အကြား ချုပ်ဆိုထားသည့်စာချုပ်ပါ သဘောတူညီချက်များအတိုင်း တာဝန်ယူဖြေရှင်းပေးရမည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## ကြေညာချက်အမှတ် (၃/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

### ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်) တနင်္လာနေ့ ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ကြေညာချက်အမှတ် (၂/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

### ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) ဝင်းမြင့်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## ကြေညာချက်အမှတ် (၂/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

### ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်) တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၂၆၇/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ အမိန့်အမှတ် (၂၃/၂၀၁၆) အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်တရားရုံးအား ဖွဲ့စည်းထားရှိပြီးဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ ကန့်ဘလူခရိုင်တရားရုံးအား အောက်ဖော်ပြပါ မြို့နယ်များတွင်ဖြစ်ပွားသော ရာဇဝတ်မှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းလိုက်သည် -

(က) ကန့်ဘလူမြို့နယ်
(ခ) ကျွန်းလှမြို့နယ်

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် )

### ကိုယ်ရေးအရာရှိ ခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ်၊ ၆/၂၀၁၆ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၏ ကိုယ်ရေးအရာရှိ လစာနှုန်း

(၂၅၀,၀၀၀-၄,၀၀၀- ၂၇၀,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာ ဥပဒေနှင့်အညီ ဦးဗျားရယ် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၂/ဒမဆ(နိုင်) ဝ၄၃၇၁၀] အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/ ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၄ ရက် )

### တာဝန်ဝတ္တရားများ လွှဲပြောင်းထမ်းဆောင်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်စွဲပါစာအမှတ်၊ ၃ (၃၄)/၁၆၈/အဖရ (၄/၂၀၁၆) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းသည် အင်္ဂလန်နိုင်ငံတွင်ကျင်းပမည့် လူထုဆန္ဒခံယူပွဲလေ့လာရန် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့အထိ သွားရောက်မည်ဖြစ်ပါသဖြင့် ခရီးသွားရောက်နေစဉ်ကာလအတွင်း ညွှန်ကြားရေးမှူးချုပ်တာဝန်ဝတ္တရားများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲဆိုင်ရာ) ဦးနေမျိုးအား ခေတ္တပူးတွဲ တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

၂။ ခရီးမှပြန်လာသောအခါ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းအား မူလတာဝန်များကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၁/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက် )

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆) တွင်

ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂) ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၇၁၀၅<br>ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းတင် | အစား | ကြည်း ၂၀၇၈၄<br>ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင် |
| (၂) | ကြည်း ၃၄၅၈၉<br>ဗိုလ်မှူးရဲဝံ့ထက် | အစား | ကြည်း ၁၆၅၆၁<br>ဗိုလ်မှူးချုပ်ဝင်းကိုကို |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက် )

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၄) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄) ဦးတို့ကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုလွှတ်တော်ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄) ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၆၃၁၂<br>ဗိုလ်ကြီးလွှမ်းမိုးအောင် | (အစား) | ကြည်း ၅၄၃၈၅<br>ဗိုလ်ကြီးသိန်းထိုက် |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၃၅၉၀၆<br>ဗိုလ်မှူးကောင်းသန့်ကျော် | (အစား) | ကြည်း ၂၇၉၁၉<br>ဗိုလ်မှူးအောင်မြတ်မင်း |
| (၃) | လေ ၂၈၂၂<br>ဗိုလ်မှူးအောင်ကိုမြင့် | (အစား) | လေ ၂၂၄၃<br>ဗိုလ်ကြီး/ဗိုလ်မှူးကျော်အောင် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၃၁၂၅၈<br>ဗိုလ်မှူးအောင်နိုင်ထွန်း | (အစား) | ကြည်း ၃၉၃၂၂<br>ဗိုလ်မှူးခင်လှဝင်း |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

အမှတ် ၃၉ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ကရင်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ကရင်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးမင်းရွှေ — ဥက္ကဋ္ဌ
အုပ်ချုပ်ရေးမှူး
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီး ကြည်လင်း — အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူး
ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဒေါ်ဌေးဌေးငြိမ်း — အဖွဲ့ဝင်
ပြည်နယ်ဥပဒေအရာရှိ
ပြည်နယ်ဥပဒေရုံး

(ဃ) ဦးသူရထင်ကျော်မိုး — အဖွဲ့ဝင်
ပြည်နယ်ဦးစီးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန

(င) ဦးမြင့်လွင် — အဖွဲ့ဝင်
ပြည်နယ်မန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(စ) ဒေါ်ခင်စောလင်း — အဖွဲ့ဝင်
ပြည်နယ်ဦးစီးမှူး
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဆ) ဦးကြည်ဖေဦး — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဇ) ဦးတင်မောင်ဝင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ဈ) ဦးဇော်လင်းထွန်း — တွဲဖက်အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။　ဤနည်းဥပဒေများကို **ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။　ဤဥပဒေများတွင်ပါရှိသော စကားရပ်များသည် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ဆိုသည်။

(ခ) **ပညာရှင်အဖွဲ့**ဆိုသည်မှာ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ အဆုံးအဖြတ်ပေးရန် ဝန်ကြီးဌာနက အချိန်ကာလသတ်မှတ်၍ အမိန့်ကြော်ငြာစာထုတ်ပြန်ဖွဲ့စည်းသော ပညာရှင်များပါဝင်သည့်အဖွဲ့ကို ဆိုသည်။

(ဂ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ နည်းဥပဒေ ၁၁ အရ ဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော ရှေးဟောင်းဝတ္ထုပစ္စည်း စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ပိုင်ရှင်**ဆိုသည်မှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို မူလပိုင်ဆိုင်သူ၊ အမွေဆက်ခံခွင့်ရှိသူ၊ ပိုင်ဆိုင်ခွင့်ရှိသူ သို့မဟုတ် တစ်နည်းနည်းဖြင့် လက်ဝယ်ထားပိုင်ခွင့်ရှိသူကို ဆိုသည်။

(င) **ထပ်ဆောင်းတန်ဖိုး**ဆိုသည်မှာ နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် သတ်မှတ်လက်ခံရရှိသော ရှေးဟောင်း ဝတ္ထုပစ္စည်းအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးအပ်သော သမိုင်းယဉ်ကျေးမှု ဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်ငွေကို ဆိုသည်။

(စ) **အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းဝတ္ထုပစ္စည်း**ဆိုသည်မှာ ရှေးဟောင်းဝတ္ထု ပစ္စည်း၏ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူ၏ ထိန်းသိမ်းစောင့်ရှောက်နိုင်မှု အခြေအနေသည် ရှေးဟောင်းဝတ္ထုပစ္စည်းကို တစ်နည်းနည်းဖြင့် ထိခိုက်စေနိုင်ခြင်း၊ ဆွေးမြည့်စေနိုင်ခြင်း သို့မဟုတ် ပျက်စီးစေနိုင်ခြင်းကို ဖြစ်ပေါ်စေသော အခြေအနေတွင်ရောက်ရှိနေသော ရှေးဟောင်းဝတ္ထု ပစ္စည်းကို ဆိုသည်။

(ဆ) **တူးဖော်ရှာဖွေခွင့်ရရှိသူ**ဆိုသည်မှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်းပြုလုပ်ရန် ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိသူကို ဆိုသည်။

(ဇ) **ရှေးဟောင်းဝတ္ထုပစ္စည်း ထိန်းသိမ်းခွင့်လက်မှတ်**ဆိုသည်မှာ အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းဝတ္ထုပစ္စည်းကိုသော်လည်းကောင်း၊ တစ်နည်းနည်းဖြင့်လက်ဝယ်ရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့်ပစ္စည်းကိုသော်လည်းကောင်း ကိုယ်ပိုင်ထိန်းသိမ်းထားရှိနိုင်ရန် ဦးစီးဌာနက ထုတ်ပေးထားသော ထိန်းသိမ်းခွင့်လက်မှတ်ကို ဆိုသည်။

(ဈ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသည့် ပုံစံတစ်မျိုးမျိုးကို ဆိုသည်။

## အခန်း (၂)
## ရှေးဟောင်းဝတ္ထုပစ္စည်းကို ကာကွယ်ထိန်းသိမ်းခြင်း

၃။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ကိုယ်တိုင်သိရှိချက်အရဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တင်ပြချက်အရဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းတည်ရှိကြောင်း သိရှိပါက ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ စစ်ဆေးတင်ပြရန် ဦးစီးဌာနကို ညွှန်ကြားနိုင်သည်။

၄။ ဦးစီးဌာနသည် နည်းဥပဒေ ၃ အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်ရရှိလျှင်ဖြစ်စေ၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းကို စစ်ဆေးတင်ပြရန် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ ဦးစီးဌာနသည် စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ ရှေးဟောင်းဝတ္ထုပစ္စည်းသည် -

(က) စစ်မှန်ခြင်းမရှိကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက ဆောင်ရွက်ခွင့်မရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်း တွေ့ရှိလျှင်သော်လည်းကောင်း သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ပိုင်ရှင်မရှိပါက ယင်းရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် သတ်မှတ်လက်ခံ၍ ကာကွယ်ထိန်းသိမ်းနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်ပြီး နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် သတ်မှတ်လက်ခံ၍ ကာကွယ်ထိန်းသိမ်းသင့်ပါက ရှေးဟောင်းဝတ္ထုပစ္စည်း၏ မျက်မြင်အခြေအနေကို သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဃ) ပိုင်ရှင်ရှိပြီး ပိုင်ရှင်က ယင်းရှေးဟောင်းဝတ္ထုပစ္စည်းကို မိမိကိုယ်ပိုင်ထိန်းသိမ်းစောင့်ရှောက်လိုကြောင်း တင်ပြလျှင် ရှေးဟောင်းဝတ္ထုပစ္စည်းထိန်းသိမ်းခွင့်လက်မှတ် လျှောက်ထားရယူ၍ ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိကြောင်းနှင့် နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် အပ်နှံလိုလျှင် လွှဲပြောင်းပေးအပ်နိုင်ကြောင်း ရှင်းပြရမည်။

(င) ပိုင်ရှင်ရှိသော်လည်း အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်သည်ဟု ထင်မြင်ယူဆပါက ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သင့်ကြောင်းနှင့် ယင်းသို့ လွှဲပြောင်းပေးအပ်ပါက ဝန်ကြီးဌာနက ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အခြေအနေတို့ကိုလည်းကောင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဝန်ကြီးဌာနသို့အပ်နှံပါက လွှဲပြောင်းပေးအပ်သူကို အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ကာလတန်ဖိုးအပြင် ထပ်ဆောင်းတန်ဖိုး ချီးမြှင့်မည်ဖြစ်ကြောင်းကိုလည်းကောင်း ရှင်းပြရမည်။

(စ) ပိုင်ရှင်ရှိပြီး ပိုင်ရှင်က နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် အပ်နှံရန်သဘောတူလျှင် ထိုသူကို အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်ပြီး ထိုက်တန်သော ကာလတန်ဖိုးအပြင် ထပ်ဆောင်းတန်ဖိုး ချီးမြှင့်နိုင်ရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် ( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အမျိုးသားလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက် )

၁။ အမျိုးသားလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၆) အရ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသည့် ဥက္ကဋ္ဌရုံးမှ ဒုတိယဦးစီးမှူး ဦးမျိုးတင့်နိုင်သည် ဦးစီးအရာရှိ၏ တာဝန်ဝတ္တရားများကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ ဦးမျိုးတင့်နိုင်အား ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၂၅၀,၀၀၀/- ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၅၁ အရ တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခံစားခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက် )

အမျိုးသားလွှတ်တော်ရုံး၊ ဦးစီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးတွင် တာဝန်ထမ်းဆောင်နေသော ဦးရဲမျိုးဝင်း [၇/ညလပ (နိုင်) ၁၀၀၃၃၆] အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လစာနှုန်းတူ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးဖြင့် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ ညနေပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက် )

အမှတ် ၃၅၈ ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၂၅ ဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကလေးသူငယ်တရားရုံး၊ ကလေးသူငယ် တရားသူကြီး ဒေါ်ခင်ခင်ထွေး (တ/၂၅၅၀) သည် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ဒုတိယ ညွှန်ကြားရေးမှူးရာထူး တိုးမြှင့်ခြင်းခံရသဖြင့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ဒုတိယ ညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများကို ၂၃-၁၂-၂၀၁၅ ရက်နေ့ နံနက်ပိုင်း၌ စတင်ထမ်းဆောင်သည်။

ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက် )

အမှတ် ၄၉/၂၀၁၆ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၆၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | မျိုးအောင် | ကြည်း | ၇၀၅၂၈ | (၉-၄-၂၀၁၆) |
| (၂) | ငွေသန်း | ကြည်း | ၇၀၅၂၉ | (၉-၄-၂၀၁၆) |
| (၃) | ဝင်းဌေး | ကြည်း | ၇၀၅၃၀ | (၉-၄-၂၀၁၆) |
| (၄) | လှိုင်ကျော်နိုင် | ကြည်း | ၇၀၅၃၁ | (၉-၄-၂၀၁၆) |
| (၅) | ထွန်းဝေ | ကြည်း | ၇၀၅၃၂ | (၉-၄-၂၀၁၆) |
| (၆) | ငွေစန်း | ကြည်း | ၇၀၅၃၃ | (၉-၄-၂၀၁၆) |
| (၇) | မင်းဟန် | ကြည်း | ၇၀၅၃၄ | (၉-၄-၂၀၁၆) |
| (၈) | ထင်လင်း | ကြည်း | ၇၀၅၃၅ | (၉-၄-၂၀၁၆) |
| (၉) | နေလင်း | ကြည်း | ၇၀၅၃၆ | (၉-၄-၂၀၁၆) |
| (၁၀) | ဌေးလွင် | ကြည်း | ၇၀၅၃၇ | (၉-၄-၂၀၁၆) |
| (၁၁) | စံဝင်းအောင် | ကြည်း | ၇၀၅၃၈ | (၉-၄-၂၀၁၆) |
| (၁၂) | သန်းနိုင်ဦး | ကြည်း | ၇၀၅၃၉ | (၉-၄-၂၀၁၆) |
| (၁၃) | ကျော်ဌေး | ကြည်း | ၇၀၅၄၀ | (၉-၄-၂၀၁၆) |
| (၁၄) | သန်းဌေး | ကြည်း | ၇၀၅၄၁ | (၉-၄-၂၀၁၆) |
| (၁၅) | တင့်လွင် | ကြည်း | ၇၀၅၄၂ | (၁၁-၄-၂၀၁၆) |
| (၁၆) | ကြည်စိုး | ကြည်း | ၇၀၅၄၃ | (၁၂-၄-၂၀၁၆) |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်<br>( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the matter of the Myanmar companies Act

**G7. AUTO. MYANMAR COMPANY LIMITED**

(In Members Voluntary Winding-up)

Notice of Special Resolutions Pursuant to Section 206(1)

At the Extraordinary General Meeting of the Members of the Company held at No. 192, East Horse Race Course Road, Tamwe Township, Yangon Region, on 18th July, 2016 the following , "Special Resolutions" were passed:

***Special Resolutions:-***

1. That the Company be voluntarily wound-up by the members with effect from 18th July, 2016.

2. That Daw Me Me Kyaw, "Certified Public Accountants, Auditors and Financial Consultants, JF Group", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company.

3. That all persons claiming to be creditors of the above Company are requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No.49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region before 18th August, 2016.

Aung Myo Hein
Managing Director
G7. Auto. Myanmar Co., Ltd.

Me Me Kyaw
B.Com (Q), C.P.A
Liquidator
Certified Public Accountant & Auditor

## အေးရှားမတယ် စလူးရှင်း မြန်မာ [အေအမ်အက်(စ်)] ကုမ္ပဏီလီမိတက်
## [ASIA METAL SOLUTION MYANMAR (AMS ) COMPANY LIMITED]
## (အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## [မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င)အရ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း]

အထက်ပါကုမ္ပဏီ၏ နောက်ဆုံးစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ စာရင်းများကို ရှင်းလင်း၊ ပြုစု၊ ဆောင်ရွက်ထားပြီးဖြစ်ပါ၍ အစုရှင်များသို့တင်ပြရှင်းလင်းပြီး၊ အတည်ပြုချက်ရယူရန် အစုရှင်များအားလုံး၏ နောက်ဆုံးအထွေထွေအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၀၈ (င) အရ အမှတ် (၁၃)၊ မြေညီထပ်၊ မာဃလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့၊ နေ့လယ် (၃း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် အသိပေး ကြေညာအပ်ပါသည်။

ဦးဝင်းဌေးညွန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဒေါ်ခင်သန်းဦး
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် - (၁၈၂/၁၉၄)၊ အခန်းအမှတ် - (၅/ဘီ)၊ နှင်းဆီအိမ်ရာ၊
ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၇၃၁၃၊ ၇၀၁၅၄၇။

## SYSTEM STATION MYANMAR COMPANY LIMITED
အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
**(Voluntary Liquidation)**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို (၁၀-၃-၂၀၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော သင်းလုံးကျွတ် အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ **စစ်စတန် စတေရှင် မြန်မာကုမ္ပဏီလီမိတက် (SYSTEM STATION MYANMAR COMPANY LIMITED)** အား (၁၁-၃-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်နွေးကြည်ဖြူလှိုင် [B.Com , C.P.A, D.B.L, ACCA (Final)] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်ရှိနှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Mr. Hirokazu Ookawa
Managing Director
System Station Myanmar Co., Ltd.

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ -၂၀၈ (င) အရ ကြေညာစာ

**မြတ်ယမင်း ကုမ္ပဏီလီမိတက်**

**(Myat Yamin Company Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် တိုက်အမှတ် - (၂)၊ အခန်းအမှတ် - ၉ (အီး/ဒီ)၊ စကားဝါကွန်ဒို၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။　စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။　၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

မီမီကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**Golden Alliance Treasury Enterprise Co., Ltd.**

ကျွန်တော်တို့ **Golden Alliance Treasury Enterprise Co., Ltd.** သည် (၁၇-၁၂-၂၀၁၅)နေ့ ဒါရိုက်တာအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့၍ (၁၈-၁၂-၂၀၁၅) ရက်စွဲဖြင့် ပြန်တမ်းတွင်လည်းကောင်း၊ မြို့တော်သတင်းတွင်လည်းကောင်း ကြေညာခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ (၂၈-၁၂-၂၀၁၅) နေ့တွင် မှတ်ပုံတင်ခဲ့ပါသည်။

သို့သော်လည်း ကုမ္ပဏီ၏ (၂၉-၁၂-၂၀၁၅) နေ့တွင်ပြုလုပ်သော ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် လုပ်ငန်းများဆက်လက်လုပ်ကိုင်မည်ဖြစ်၍ ကုမ္ပဏီကို ဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ခြင်းအား ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့၏ Golden Alliance Treasury Enterprise Co., Ltd. အား ဖျက်သိမ်းခြင်းမပြုဘဲ လုပ်ငန်းများဆက်လက်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း (၁၇-၆-၂၀၁၆) နေ့တွင် ပြုလုပ်သော ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ပြန်တမ်းတွင် ပြန်လည်ကြေညာအပ်ပါသည်။

ရင်ထွေး
မန်နေးဂျင်းဒါရိုက်တာ
Golden Alliance Treasury Enterprise Co., Ltd.

## DOCTOR CASH LIMITED

ဖျက်သိမ်းရန် ကြေညာချက်

၁။ **DOCTOR CASH LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၅-၆-၂၀၁၆) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်၊ (၅၆၁၊ ၅၆၃၊ ၅၆၅၊ ၅၆၇)၊ အခန်း (၈၀၁၊ ၈၀၄)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူဇော် [၁၂/သကတ (နိုင်) ၁၄၈၁၃၂] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Mr. Dimitrii Tuzhillin
မန်နေးဂျင်းဒါရိုက်တာ
Doctor Cash Limited

ဖြူဖြူဇော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၅၆၁၊ ၅၆၃၊ ၅၆၅၊ ၅၆၇)၊
အခန်း (၈၀၁၊ ၈၀၄)၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## TET THIT WAI TRADING Co., LTD.

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **TET THIT WAI TRADING CO., LTD.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Thet Htoo San
Managing Director
Tet Thit Wai Trading Co., Ltd.

ဦးဇင်ဝေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ

**ခေါင်းလောင်းနီ ကုမ္ပဏီလီမိတက်**

**(Khaung Laung Ni Company Limited)**

အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများတောင်းခံရန်သတိပေးခြင်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်မာမာ ဖမ်မက်ဂရု(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဖြစ်သော ကျွန်ုပ်ထံသို့ (၂၁-၈-၂၀၁၆) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးကျော်ထင်သန်း
မန်နေးဂျင်းဒါရိုက်တာ
ခေါင်းလောင်းနီကုမ္ပဏီလီမိတက်

ဒေါ်မာမာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ် - ၆၃၅ (အေ-၁)၊ အခန်း - (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

**NOTICE OF THE FINAL MEETING**

In the matter of the Myanmar Companies Act and

**SPA MOTOR CYCLE LIMITED**

(In members' Voluntary Liquidation)

Pursuant of Section 208 (E) of the Myanmar Companies Act

**Final Meeting**

Notice is hereby given that the Final General Meeting of the above company under Section 208 (E) will be held at FMI Centre, Level (10 & 11), No.(380), Bogyoke Aung San Road, Pabedan Township, Yangon, Myanmar on the 22nd August, 2016 at (10:00) am for the purpose of laying before it an account of the winding up.

U Win Htay Nyunt
Liquidator
Room (5/B), Hnin Si Condo,
No. (182/194), Botahtaung Pagoda Road,
Pazundaung Township, Yangon, Myanmar.
Ph: 01-397313, 01-701547

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ

**ပျော်ပျော်နေတတ်သော ကောင်းသော စက်မှုလက်မှု ကုမ္ပဏီလီမိတက်**

**(Jolly Good industrial Company Limited)**

**အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများတောင်းခံရန် သတိပေးခြင်း**

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်မာမာ ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၁-၈-၂၀၁၆) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေး အပ်ပါသည်။

ဦးချစ်ညီညီ
မန်နေးဂျင်းဒါရိုက်တာ
ပျော်ပျော်နေတတ်သော ကောင်းသော
စက်မှုလက်မှု ကုမ္ပဏီလီမိတက်

ဒေါ်မာမာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်- ၆၃၅ (အေ-၁)၊ အခန်း- (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

**ရိုးမသစ္စာ ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

ကျင်းပမည့်ရက် ။ ။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်

ကျင်းပမည့်အချိန် ။ ။ နံနက် (၉း၃၀) နာရီ

ကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း

U Linn Myaing
Managing Director
Yoma Thitsar Commerical Co., Ltd.

ဒေါ်စန္ဒာအေး
(B.Com , C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၂၂-၇-၂၀၁၆။